http://www.dhammadownload.com

# သာမဏေကျော်

# ရွှေလား အမှိုက်လား

သာမဏေကျော် ● ရွှေလား အမှိုက်လား

သာမဏေကျော်
ရွှေလား အမှိုက်လား

DESIGN
AUNG LWIN
553920

http://www.dhammadownload.com

# ရွှေလား အမှိုက်လား

## သာမဏေကျော်

http://www.dhammadownload.com


# ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက် • ၃၂၀၅၄၅၁၀၀၈
မျက်နှာဖုံးခွင့်ပြုချက် • ၃၂၀၅၃၃၁၂၀၈
အုပ်ရေ • ၁၀၀၀
တန်ဖိုး • ၃၅၀ ကျပ်
ပုံနှိပ်ခြင်း • ၂၀၀၉ ခုနှစ်၊ မတ်လ
ပထမအကြိမ်
မျက်နှာဖုံးနှင့် အတွင်းပုံနှိပ် • ဒေါ်မေသက်ခိုင်(၀၈၂၉၄)
ပြည့်စုံပုံနှိပ်တိုက်
အမှတ်-၂၀၆(မြေညီ)၊
ဗိုလ်တထောင်ဘုရားလမ်း၊
ထုတ်ဝေသူ • ဦးတင်ကိုဦး
ရွှေရည်မြင့်မြတ်စာပေ
အမှတ်(၅၈၀/ခ)၊အောင်ရတနာလမ်း၊
သဃ်န်းကျွန်းမြို့နယ်၊ရန်ကုန်မြို့။
အတွင်းဖလင် • ကိုမြင့်သူ
မျက်နှာဖုံးဒီဇိုင်း • ကိုအောင်လွင်

ဖြန့်ချိရေး

**သာမဏေကျော်စာပေ**

သာမဏေကျော် မဟာဂန္ဓာရုံကျောင်းတိုက်
(လှော်ကားဥယျာဉ်အနီး)
မှော်ဘီမြို့နယ်၊ရန်ကုန်တိုင်း။ ဖုန်း-၇၀၉၆၈၀

http://www.dhammadownload.com

# နိဒါန်း

သာမဏေကျော် မဟာဂန္ဓာရုံကျောင်းတိုက်မှာ စာသင်သား ကိုရင်တွေ၊ ဖိုးသူတော်တွေ ရှိကြပါတယ်။ သူတို့လေးတွေ စာတွေ ကြိုးစားသင်ယူစေလိုကြပါတယ်။ စာတတ်ပုဂ္ဂိုလ်တွေ ဖြစ်သွားကြစေလိုပါတယ်။ စည်းကမ်းလိုက်နာတတ်တဲ့ ပုဂ္ဂိုလ်တွေ ဖြစ်သွားကြစေလိုပါတယ်။ စိတ်ထားကောင်းသူလေးတွေ၊ မွန်မြတ်ထက်မြက်တဲ့ စိတ်ထားပိုင်ရှင်လေးတွေ ဖြစ်သွားကြစေလိုပါတယ်။ စိတ်ထား မွန်မြတ်ထက်မြက်ကြသလို နှုတ်အပြောအဆိုမှာရော၊ ကိုယ် အပြုအမူမှာပါ လိမ္မာယဉ်ကျေးမှု ရှိကြစေလိုပါတယ်။ ပရိယတ်မှာရော ပဋိပတ်မှာပါ တော်တဲ့ ပုဂ္ဂိုလ်လေးတွေ ဖြစ်သွားကြစေလိုပါတယ်။ ဒါကြောင့် သူတို့လေးမှာ စိတ်ကောင်း၊ အပြောကောင်း၊ အပြုအမူကောင်းလေးတွေ ရှိလာစေရန် ရည်သန်ကာ လိုအပ်တဲ့ စကားလေးတွေ ပြောကြား ပြောကြားပေးရပါတယ်။ သာမဏေကျော်ရဲ့ ညီအရင်းဖြစ်တဲ့ ဦးဩဘာသက သူ့တပည့် ကိုရင်တွေ၊ ဖိုးသူတော်တွေအား

http://www.dhammadownload.com

ဆုံးမစကား၊ အားပေးစကား၊ တိုက်တွန်းစကား၊ ပြုပြင်ရေးစကား၊ သတိပေးစကား၊ ပညာပေးစကား စသည်တွေကို ပြောပြပါတယ်။ ဦးဩဘာသ မအားလပ်တဲ့အခါ သာမဏေကျော်ရဲ့ ညီတစ်ဝမ်းကွဲ ဦးဇဋိလက ပြောပြပါတယ်။

သူတို့ ပြောပြကြတဲ့အခါ သာမဏေကျော်က ပြောပြစေချင်တဲ့ စကားလေးတွေကို လင်္ကာလေးတွေ သီကုံးပေးလိုက်ပါတယ်။ အဲဒီလင်္ကာလေးတွေကို နေ့စဉ် ပြောပြပေးကြပါတယ်။ ဒီလင်္ကာတွေဟာ သာသနာ့ဝန်ထမ်းပုဂ္ဂိုလ်တွေအတွက်ရော၊ လူဝတ်ကြောင်အတွက်ပါ ကျေးဇူးများမယ်လို့ ထင်မိပါတယ်။ ဒါကြောင့် အဲဒီလင်္ကာလေးတွေကို စုပေါင်းကာ "ရွှေလား အမှိုက်လား" ဆိုတဲ့ နာမည်နဲ့ စာအုပ်ထုတ်လိုက်ပါတယ်။

**သာမဏေကျော်**

သာမဏေကျော်၊ မဟာဂန္ဓာရုံကျောင်းတိုက်၊
လှော်ကားဥယျာဉ်အနီး၊
မှော်ဘီမြို့နယ်၊ ရန်ကုန်တိုင်း။

http://www.dhammadownload.com

# ပန်း

၁။ ရိုးသားဖြောင့်မတ်, ထိုစိတ်ဓာတ်, မြင့်မြတ်လှပါသည်။

၂။ မရိုးသားစွ, ကောက်ကျစ်က, နိမ့်ကျလှပါသည်။

၃။ ရိုးသားသူဟာ, လူများစွာ, ချစ်တာ ခံရသည်။

၄။ ရိုးသားသူအား, လူအများ, လေးစားအားကိုးသည်။

၅။ မရိုးသားရင်, မကြာခင်, သိမြင်လာကြသည်။

၆။ မရိုးသားရင်, ခဏပင်, အောင်မြင်နိုင်ပါသည်။

၇။ ရိုးသားဖြောင့်ရင်, ကြာရှည်ပင်,
အောင်မြင်တိုးတက်သည်။

၈။ ကောက်သော် စားမဝ, ဖြောင့်လေက, စားရ မကုန်ပြီ။

၉။ ရိုးသားသူအား, ကောင်းကျိုးများ,
များပြားကြီးမားသည်။

၁၀။ မရိုးသူအား, ကောင်းကျိုးများ, ရှားပါးလှပါသည်။

၁၁။ ရိုး-မရိုးမှာ, အကျိုးဟာ, လွန်စွာ ခြားနားသည်။

၁၂။ မရိုးလေလေ, နိမ့်သွားလေ, ရိုးလေ မြင့်လာသည်။

၁၃။ မဖြောင့်လေလေ, ကျရှုံးလေ,
ဖြောင့်လေ အောင်မြင်သည်။

၁၄။ လှပြီး မွှေးကြိုင်, ပန်းလေးအား, လူများ ကြိုက်ကြသည်။

http://www.dhammadownload.com



၁၅။ ရိုးသားဖြောင့်လျှင်, ထိုပန်းသွင်, ချစ်ခင်ခံရသည်။
၁၆။ မလှ မမွှေး, ပန်းကလေး, အရေးတယူ မရှိပြီ။
၁၇။ မရိုးသူအား, ထိုပန်းလား, လူများ မကြိုက်ပြီ။
၁၈။ နံစော် မလှ, ထိုပန်းကျ, လူက ရွံလေပြီ။
၁၉။ ကောက်ကျစ်သူအား, ထိုပန်းလား,လူများ ရွံမုန်းသည်။
၂၀။ မွှေးမွှေးလှလှ, ပန်းလိုက, ရိုးမှ ဖြစ်ပါသည်။

❖

## ထိပ်ဆုံးတွင်

၁။ တော၏ဘုရင်, ခြင်္သေ့ပင်, ပျင်းရင် ငတ်ပါမည်။
၂။ ဘယ်သားကောင်မှ, ပါးစပ်ဝ, ဝင်ကြ မရှိပြီ။
၃။ ကြိုးစားရှာကာ, ဖမ်းမှသာ, သူဟာ စားရသည်။
၄။ ခြင်္သေ့သော်မှ, ကြိုးစားရ, ဒါမှ ဝမ်းဝသည်။
၅။ ပျင်းသူထံကား, ကောင်းကျိုးများ, လာငြား မရှိပြီ။
၆။ ကောင်းကျိုးတွေကား, ပျင်းသူအား,
ရှောင်ရှားသွားကြသည်။
၇။ ကြိုးစားသူထံ, ကောင်းကျိုးမှန်,
တန်တန် ရောက်လာသည်။

http://www.dhammadownload.com



၈။ သင် ကြိုးစားရင်, သင် အောင်မြင်, ပျင်းရင် ကျရှုံးမည်။

၉။ များများ ကြိုးစား, အသင်ကား,
ရောက်သွား ပန်းတိုင်ဆီ။

၁၀။ ကြိုးစားလေလေ, အောင်လေလေ,
ပျင်းလေ ရှုံးလေ ဖြစ်ပါသည်။

၁၁။ ထိပ်တန်းရောက်ပြား, ထိုသူများ,
ကြိုးစားသူတွေ ဖြစ်ကြသည်။

၁၂။ ပျင်းရိသူဟာ, ဘယ်သောခါ, ထိပ်မှာ မရောက်ပြီ။

၁၃။ ထိပ်ရောက်လိုက, ပျင်းလေ့ထ, ဖယ်မှ ဖြစ်ပါသည်။

၁၄။ တစ်နေ့ထက်တစ်နေ့ ကြိုးစားလေ့, မြင့်၍ လာရသည်။

၁၅။ မြှင့်မြှင့်ပေးရင်, ထိပ်ဆုံးတွင်, အသင် ရောက်လိမ့်မည်။

❖

## အမှိုက်နဲ့ ရွှေ

၁။ ရိုးသား-ကြိုးစား, ထိုသူအား, အများ လေးစားသည်။

၂။ ရိုးသား-ကြိုးစား, ထိုသူအား, အများ အားကိုးသည်။

၃။ ရိုးသား-ကြိုးစား, ထိုသူအား, အများ ချစ်ခင်သည်။

၄။ ကြိုးစားလုပ်မှု, ရိုးသားမှု, နှစ်ခု ရှိရသည်။

၅။ ထိုနှစ်ခုဟာ, ရွှေထက်သာ, များစွာ တန်ဖိုးပိုပါသည်။

http://www.dhammadownload.com



၆။ ထိုနှစ်ခုဟာ, စိန်ထက်သာ, များစွာ တန်ဖိုးပိုပါသည်။
၇။ ထိုသည့်နှစ်ရပ်, တန်ဖိုးဖြတ်, ဖြတ်လို့ မရပြီ။
၈။ တန်ဖိုးကြီးမား, ထိုနှစ်ပါး, ပိုင်ထားရပါသည်။
၉။ ပိုင်ထားသူဟာ, တန်ဖိုးမှာ, တိုင်းတာ မရှိပြီ။
၁၀။ ပိုင်ဆိုင်သွားလတ်, တန်ဖိုးဖြတ်, ဖြတ်လို့ မရပြီ။
၁၁။ တန်ဖိုးကြီးမား, ထိုလူစား, သင်ကား ဖြစ်သင့်သည်။
၁၂။ မရိုးမသား, မကြိုးစား, သူကား လွန်ပေါ်သည်။
၁၃။ အမှိုက်ထက် များ, ထိုလူစား, သင်ကား မဖြစ်သင့်ပြီ။
၁၄။ ရိုးသား-ကြိုးစား, ထိုသူကား, ရှားပါးလှပါသည်။
၁၅။ ရှားသူထဲမှာ, အသင်ဟာ, ဝင်ပါနိုင်ရသည်။
၁၆။ ရွှေထက် ပိုရှား, ထိုလူစား, သင်ကား ဖြစ်သင့်သည်။
၁၇။ စိန်ထက် ပိုရှား, ထိုလူစား, သင်ကား ဖြစ်သင့်သည်။
၁၈။ ငါဟာ ရွှေလား, အမှိုက်လား, စဉ်းစားရပါသည်။
၁၉။ အမှိုက် ဖြစ်ရင်, ချက်ချင်း ပြင်, ပြင်ရင် ရွှေ ဖြစ်မည်။
၂၀။ ရွှေလိုဖြစ်မှ, လူ့ဘဝ, အရတော်ပါသည်။

❖

http://www.dhammadownload.com



## ပျားနဲ့ခြ

၁။ ပျားနဲ့ခြအား၊ အသင်ကား၊ ရှုစားသင့်လှသည်။
၂။ သူတို့လုံ့လ၊ ဝီရိယ၊ အားကျဖို့ ကောင်းသည်။
၃။ နည်းနည်းစီသာ၊ အခါခါ၊ သယ်ကာ ယူကြသည်။
၄။ သယ်တာ များလာ၊ ပျားအုံဟာ၊ လွန်စွာ ကြီးလာသည်။
၅။ သယ်တာ များလာ၊ တောင်ပို့ဟာ၊
လွန်စွာ ကြီးလာသည်။
၆။ ပျားကို ပုံတု၊ ပညာစု၊ သိမှု ကြွယ်လာမည်။
၇။ ခြကို ပုံတု၊ ပညာစု၊ သိမှု ကြွယ်လာမည်။
၈။ အသိပညာ၊ ကြွယ်သူဟာ၊ လူ့ရွာ ထွန်းတောက်သည်။

❖

## မှော်

၁။ ခရီးသွားဟာ၊ ရေလွန်ဆာ၊ ရေရှာနေပါသည်။
၂။ ရေကောင်းရှိရာ၊ ကန်ထဲမှာ၊ မှော်ဟာ ရှိနေသည်။
၃။ မှော်ကို ဖယ်ရှား၊ ခရီးသွား၊ ရေများ သောက်သုံးသည်။
၄။ ကောင်း-မကောင်းဟာ၊ လူတိုင်းမှာ၊
ရောကာ နေပါသည်။

http://www.dhammadownload.com



၅။ မကောင်း ဖယ်ရှား, ကောင်းကိုကား, ရှုစားရပါသည်။
၆။ နှုတ်ပြော မကောင်း, ကိုယ်ပြု ကောင်း,
စိတ်ကောင်း ရှိပါသည်။
၇။ ကိုယ်ပြု မကောင်း, နှုတ်ပြော ကောင်း,
စိတ်ကောင်း ရှိပါသည်။
၈။ အပြော မကောင်း, ပြု မကောင်း,
စိတ်ကောင်း ရှိပါသည်။
၉။ အပြော-အပြု, စိတ်ထားမှု, တစ်ခုမှ မကောင်းပြီ။
၁၀။ အပြောလည်း ကောင်း, ပြုလည်း ကောင်း,
စိတ်ကောင်းလည်း ရှိသည်။
၁၁။ လူအမျိုးအစား, ငါးမျိုးပြား, သင်အား တွေ့နိုင်သည်။
၁၂။ မကောင်း ဖယ်ခွာ, ကောင်းတာသာ,
သင်ဟာ ကြည့်ရသည်။
၁၃။ သို့ပါမှသာ, သူ့ပေါ်မှာ, စိတ်ဟာ ကြည်လိမ့်မည်။
၁၄။ အကောင်းကင်းကွာ, ထိုသူ့မှာ,
ကရုဏာသာ ထားရသည်။
၁၅။ အားလုံး ကောင်းလတ်, ထိုသူမြတ်,
လေးမြတ်ရပါသည်။

❖

http://www.dhammadownload.com



## ကျောက်ခဲ

၁။ တောင်ထိပ်မှသည်, ကျောက်ခဲသည်,
အောက်ဆီ ကျလာသည်။
၂။ ဟိုတိုက် ဒီတိုက်, ခါခါ တိုက်, ပွတ်တိုက်ခံရသည်။
၃။ ပွတ်တိုက်ပါ များ, ကျောက်ခဲကား,
ချောသွား လှသွားသည်။
၄။ တောင်ခြေ ရောက်က, ကျောက်ခဲက,
လှပချောသွားသည်။
၅။ ကျောက်ခဲဘဝ, တိုက်ခံရ, များလှပါပေသည်။
၆။ တိုက်တာတွေက, သူ့ဘဝ, လှပလာစေသည်။
၇။ သင့်ဘဝမှာ, ကြုံရတာ, ဆိုးတာတွေ ပါသည်။
၈။ လောကဓံအဆိုး, အမျိုးမျိုး, တွေ့ရိုးရှိပါသည်။
၉။ အဆိုးကြုံတာ, များပြားလာ, စိတ်ဟာ ငြိမ်လာသည်။
၁၀။ အဆိုး တွေ့လေ, စိတ်အနေ,
ရင့်လေ ငြိမ်လေ ဖြစ်ရသည်။
၁၁။ အဆိုးလီလီ, ခံနိုင်ရည်, သင်သည် ရှိရမည်။
၁၂။ ခံနိုင်ရည်က, သင့်ဘဝ, လှပလာစေသည်။
၁၃။ ခံနိုင်ရည်များ, အဆိုးကား, သင့်အား ပေးသွားသည်။
၁၄။ ခံနိုင်ရည်တွေ, ဉာဏ်ရင့်လေ, မြင့်လေ ဖြစ်လာသည်။
၁၅။ ဆိုးတွေ့ကြုံမှ, သိဉာဏ်ရ, စိတ်က ငြိမ်လာသည်။

http://www.dhammadownload.com



၁၆။ ဆိုးတွေ့ကြုံမှ, သိဉာဏ်ရ, စိတ်က ရင့်လာသည်။
၁၇။ ရင့်ကျက်ငြိမ်လာ, ထိုစိတ်ဟာ, လွန်စွာ လှပေသည်။
၁၈။ စိတ်လှလာမှ, သင့်ဘဝ, လှပလာပါသည်။

❖

## ကလေးရဲ့ ဇွဲ

၁။ ပက်လက်မှသည်, မှောက်တဲ့ဆီ,
လီလီ ကြိုးစားရပါသည်။
၂။ မှောက်လျက်မှသည်, ထိုင်တဲ့ဆီ,
လီလီ ကြိုးစားရပါသည်။
၃။ ထိုင်ရာမှသည်, ရပ်တဲ့ဆီ, လီလီ ကြိုးစားရပါသည်။
၄။ ရပ်ရာမှသည်, သွားတဲ့ဆီ, လီလီ ကြိုးစားရပါသည်။
၅။ ထိုသို့ပြုရာ, အခါခါ, ရှုံးတာ ရှိပါသည်။
၆။ သို့ပါသော်ငြား, ကလေးကား, စိတ်အား မလျော့ပြီ။
၇။ ကလေးဘဝ, ငယ်စဉ်က, သင်က ဇွဲကောင်းသည်။
၈။ ထိုကောင်းတဲ့ ဇွဲ, ယခုလည်း, အမြဲကောင်းသင့်သည်။
၉။ သိဉာဏ် မြင့်လာ, ယခုခါ, ဇွဲဟာ ပိုသင့်သည်။
၁၀။ ကလေးဇွဲပင်, မမီလျှင်, အသင် ညံ့သွားမည်။
၁၁။ အောင်မြင်ဖို့ရာ, ကျရှုံးတာ, ရှိလာတတ်ပါသည်။
၁၂။ ဘယ်လောက် ကျကျ, ကြိုးစားက, မုချ အောင်မြင်သည်။

❖

http://www.dhammadownload.com



# အမြစ်

၁။ အမြစ် သေးရင်, ထိုသစ်ပင်, နုတ်လျှင် လွယ်လှသည်။
၂။ နည်းနည်း ကြီးရင်, နည်းနည်းပင်, နုတ်လျှင် ခက်လာသည်။
၃။ များများ ကြီးရင်, များများပင်, နုတ်လျှင် ခက်လှသည်။
၄။ လွန်ကဲ ကြီးရင်, လွန်ကဲပင်, နုတ်လျှင် ခက်လှသည်။
၅။ ကြီးလွန်းလာက, ဘယ်လိုမှ, နုတ်က မရပြီ။
၆။ မကောင်းကျင့်က, သေးငယ်က, ပြင်ရ လွယ်သေးသည်။
၇။ ကြီးထွားလာမှ, ပြုပြင်က, ပြင်ရ ခက်လာသည်။
၈။ လွန်ကဲ ကြီးရင်, လွန်ကဲပင်, ပြုပြင်ခက်တော့သည်။
၉။ သေးငယ်စဉ်ပင်, မပြုပြင်, နောင်တွင် ခက်တော့သည်။
၁၀။ မကြီးခင်က, ကြိုပြင်ရ, ဒါမှ လွယ်ကူသည်။
၁၁။ မကောင်းကျင့် ဝင်, ခါခါ ပြင်, ပြင်ရင် ရပါသည်။
၁၂။ ပြုပြင်ပေးက, သင့်ဘဝ, သုခကြွယ်လာမည်။
၁၃။ ပြုပြင်ပေးက, သင့်ဘဝ, လှပလာပေမည်။
၁၄။ ပြုပြင်ပေးက, သင့်ဘဝ, အားရကျေနပ်မည်။
၁၅။ ပြုပြင်ပေးမှ, အများက, ချစ်ကြ ခင်ကြမည်။

❖

http://www.dhammadownload.com



# ဗုဒ္ဓါနုဿတိ

၁။ ဘုရား၏ဂုဏ်, အဖုံဖုံ, အာရုံပြုရသည်။

၂။ ဂုဏ်တော်ဆင်ခြင်, စိတ်အစဉ်,
ကြည်လင်အေးမြသည်။

၃။ ဘုရား၏သား, ဘုရားအား, မေ့ထား မသင့်ပြီ။

၄။ ဘုရားလုပ်ရပ်, အထပ်ထပ်, သုံးသပ်ရပါသည်။

၅။ ဘုရားပြောထား, စကားများ, စဉ်းစားရပါသည်။

၆။ ဘုရားဉာဏ်ဟာ, ကုန်သိတာ, ခါခါ တွေးရသည်။

၇။ ဘုရားမေတ္တာ, ကရုဏာ, ခါခါ တွေးရသည်။

၈။ ဘုရားစိတ်မှာ, ပူကင်းတာ, ခါခါ တွေးရသည်။

၉။ ဘုရားစိတ်မှာ, ဖြူစင်တာ, ခါခါ တွေးရသည်။

၁၀။ ဘုရားစိတ်မှာ, တည်ကြည်တာ, ခါခါ တွေးရသည်။

၁၁။ ဘုရားလုံ့လ, မလျှော့ကျ, တွေးကြရပါသည်။

၁၂။ ဘုရားဆန္ဒ, မလျှော့ကျ, တွေးကြရပါသည်။

၁၃။ တရားဟောပြ, မလျှော့ကျ, တွေးကြရပါသည်။

၁၄။ ဘုရားစိတ်ဓာတ်, မတုန်လတ်, မပြတ် တွေးရသည်။

၁၅။ ဘုရားစိတ်ဓာတ်, မလှုပ်လတ်, မပြတ် တွေးရသည်။

၁၆။ ဘုရားခန္တီ, ထိပ်ရောက်ပြီ, ချီချီ တွေးရသည်။

၁၇။ ဘုရားစိတ်ဓာတ်, လွန်မြင့်မြတ်, သုံးသပ်ရပါသည်။

http://www.dhammadownload.com



၁၈။ ဂုဏ်တော်ဆင်ခြင်, စိတ်အစဉ်,
အားအင် တိုးလာသည်။
၁၉။ သဒ္ဓါ-သတိ, သမာဓိ, ဝီရိယ ပညာ တိုးလာသည်။
၂၀။ အားအင်ပြည့်မှ, လုပ်ကိစ္စ, လုပ်ရ အောင်မြင်သည်။

❖

## မေတ္တာပွားပါ

၁။ မေတ္တာတရား, ပွားသူအား, လူများ ချစ်ခင်သည်။
၂။ မေတ္တာတရား, ပွားသူအား, နတ်များ ချစ်ခင်သည်။
၃။ မေတ္တာတရား, ပွားသူအား,
နတ်များ စောင့်ရှောက်သည်။
၄။ မေတ္တာပွားငြား, ဘေးရန်များ, ရှောင်ရှားကြပါသည်။
၅။ မေတ္တာပွားရင်, အမြန်ပင်, စိတ်စဉ် တည်ကြည်သည်။
၆။ မေတ္တာပွားရင်, မျက်နှာ ရွှင်, ကြည်လင်နေပါသည်။
၇။ မေတ္တာပွားရင်, သေခါတွင်,
ကြည်ကြည်လင်လင် သေရသည်။
၈။ မေတ္တာပွားရာ, ချမ်းသာစွာ, အိပ်တာ နိုးတာ ရှိပါသည်။
၉။ မေတ္တာပွားရင်, အိပ်မက်တွင်, အမြင် ကောင်းပါသည်။
၁၀။ မေတ္တာကျင့်စဉ်, နေ့တိုင်းပင်, အသင် ကျင့်သင့်သည်။

http://www.dhammadownload.com



၁၁။ မေတ္တာကျင့်စဉ်, ဤသို့ပင်, အသင် ကျင့်သင့်သည်။
၁၂။ ဆွမ်းဒကာတွေဟာ, ကိုယ်စိတ်မှာ, ချမ်းသာကြပါစေ။
၁၃။ ကျောင်းဒကာတွေဟာ, ကိုယ်စိတ်မှာ,
ချမ်းသာကြပါစေ။
၁၄။ သင်္ကန်းဒကာတွေဟာ, ကိုယ်စိတ်မှာ,
ချမ်းသာကြပါစေ။
၁၅။ ဆေးဒကာတွေဟာ, ကိုယ်စိတ်မှာ, ချမ်းသာကြပါစေ။
၁၆။ ရေဒကာတွေဟာ, ကိုယ်စိတ်မှာ, ချမ်းသာကြပါစေ။
၁၇။ မီးဒကာတွေဟာ, ကိုယ်စိတ်မှာ, ချမ်းသာကြပါစေ။
၁၈။ ကားဒကာတွေဟာ, ကိုယ်စိတ်မှာ, ချမ်းသာကြပါစေ။
၁၉။ စာအုပ်ဒကာတွေဟာ, ကိုယ်စိတ်မှာ, ချမ်းသာကြပါစေ။
၂၀။ ပစ္စည်းဒကာတွေဟာ, ကိုယ်စိတ်မှာ, ချမ်းသာကြပါစေ။
၂၁။ အစာဒကာတွေဟာ, ကိုယ်စိတ်မှာ, ချမ်းသာကြပါစေ။
၂၂။ မိဘတွေဟာ, ကိုယ်စိတ်မှာ, ချမ်းသာကြပါစေ။
၂၃။ ဆရာတွေဟာ, ကိုယ်စိတ်မှာ, ချမ်းသာကြပါစေ။
၂၄။ ဆွေမျိုးတွေဟာ, ကိုယ်စိတ်မှာ, ချမ်းသာကြပါစေ။
၂၅။ အတူနေသူတွေဟာ, ကိုယ်စိတ်မှာ, ချမ်းသာကြပါစေ။
၂၆။ ကျေးဇူးရှင်တွေဟာ, ကိုယ်စိတ်မှာ, ချမ်းသာကြပါစေ။
၂၇။ နတ်, ဗြဟ္မာတွေဟာ, ကိုယ်စိတ်မှာ, ချမ်းသာကြပါစေ။
၂၈။ လူသားတွေဟာ, ကိုယ်စိတ်မှာ, ချမ်းသာကြပါစေ။
၂၉။ ငရဲသားတွေဟာ, ကိုယ်စိတ်မှာ, ချမ်းသာကြပါစေ။

http://www.dhammadownload.com



၃၀။ တိရစ္ဆာန်တွေဟာ, ကိုယ့်စိတ်မှာ, ချမ်းသာကြပါစေ။
၃၁။ ပြိတ္တာတွေဟာ, ကိုယ့်စိတ်မှာ, ချမ်းသာကြပါစေ။
၃၂။ အသုရကာယ်တွေဟာ, ကိုယ့်စိတ်မှာ,
ချမ်းသာကြပါစေ။
၃၃။ ကျောင်းစောင့်နတ်တွေဟာ, ကိုယ့်စိတ်မှာ,
ချမ်းသာကြပါစေ။
၃၄။ သာသနာစောင့်နတ်တွေဟာ, ကိုယ့်စိတ်မှာ,
ချမ်းသာကြပါစေ။
၃၅။ ကိုယ်စောင့်နတ်ဟာ, ကိုယ့်စိတ်မှာ, ချမ်းသာမြဲပါစေ။
၃၆။ သိကြားမင်းဟာ, ကိုယ့်စိတ်မှာ, ချမ်းသာမြဲပါစေ။
၃၇။ ယမမင်းဟာ, ကိုယ့်စိတ်မှာ, ချမ်းသာမြဲပါစေ။
၃၈။ သတ္တဝါအားလုံးဟာ, ကိုယ့်စိတ်မှာ, ချမ်းသာကြပါစေ။

❖

## သည်းခံပါ

၁။ ကိုယ့်ကြောင့် သူ့မှာ, သည်းခံရတာ, ဘယ်ခါ မရှိသင့်ပြီ။
၂။ သူ့ကြောင့် ကိုယ်သာ, သည်းခံတာ, မှန်စွာ ရှိသင့်သည်။
၃။ ကိုယ့်ကြောင့် သူက, သည်းခံရ,
ကိုယ်က ရိုင်းသွားသည်။

http://www.dhammadownload.com



၄။ သူ့ကြောင့် ကိုယ်က, သည်းခံရ, ကိုယ်က လိမ္မာသည်။
၅။ သည်းခံရခါ, မသက်သာ, စိတ်မှာ ရှိနိုင်သည်။
၆။ သည်းခံပြီးခါ, ပြန်တွေးရာ, စိတ်မှာ ကျေနပ်မည်။
၇။ သူ့ကျိုး ကိုယ့်ကျိုး, ကျိုးနှစ်မျိုး, ပွားတိုးလာပါမည်။
၈။ သည်းခံပါက, နောင်ကာလ, နောင်တ ကင်းပသည်။
၉။ သည်းမခံက, နောင်ခါမှ, နောင်တရတတ်သည်။
၁၀။ သည်းမခံငြား, လူ့ရမ်းကား, ဖြစ်သွားတတ်ပါသည်။
၁၁။ သည်းခံသူမှာ, ကြမ်းတမ်းတာ, ကင်းကွာနေပါသည်။
၁၂။ သည်းခံသူအား, လူအများ, လေးစားချင်ခင်သည်။
၁၃။ သည်းခံသူအား, ရန်မများ, ပြစ်များ ကင်းစင်သည်။
၁၄။ သည်းခံသူဟာ, သေသောခါ, ရွှင်စွာ သေရသည်။
၁၅။ သည်းခံသူဟာ, သေသွားရာ, ရောက်ပါ နတ်တို့ပြည်။
၁၆။ သည်းခံတာဟာ, မြတ်ဆုံးပါ, မြတ်စွာ မိန့်ခဲ့သည်။
၁၇။ အားကြီးတဲ့ လူ, အားနည်းလူ, နှစ်လူ ရှိပါသည်။
၁၈။ အားကြီးလူကား, အားနည်းအား,
သနားသည်းခံသည်။
၁၉။ ထိုသည်းခံတာ, လွန်မြတ်ပါ, ပညာရှိတွေ မိန့်ကြသည်။
၂၀။ နိုင်နိုင်ပေမင့်, နိုင်မကျင့်, စိတ်ဆင့် မြင့်လှသည်။

❖

http://www.dhammadownload.com



# ပုရွက်ဆိတ်

၁။ အားပြည့်ထုတ်မှ, အကျိုးက, ပြည့်ဝလာပါသည်။
၂။ အားလျော့ထုတ်က, အကျိုးက, လျော့ကျသွားပါသည်။
၃။ အားမထုတ်က, အကျိုးက, လုံးဝ မလာပြီ။
၄။ စုပေါင်းလုပ်ရာ, အင်အားဟာ, ညီကာ နေရသည်။
၅။ အညီအမျှ, အားထုတ်က, ကိစ္စ ပြီးမြောက်သည်။
၆။ စုပေါင်းညီညာ, အောင်မြင်လာ, ဝမ်းသာပျော်ရွှင်သည်။
၇။ နွားနှစ်ကောင်ဟာ, ရုန်းရာမှာ, ရုန်းတာ ညီရသည်။
၈။ အရုန်း ညီရင်, ခရီးတွင်, ကပ်ရင် ကြန့်ကြာသည်။
၉။ ပုရွက်ဆိတ်များ, စာ သယ်ငြား, အင်အား ညီကြသည်။
၁၀။ မိုး မကျမီမှာ, ကြိုတင်ကာ, အစာ ရှာသယ်သည်။
၁၁။ ပုရွက်ဆိတ်လို့လ, ဝီရိယ, အားကျသင့်ပါသည်။
၁၂။ ပုရွက်ဆိတ်သွင်, ညီညီပင်, အားအင် သုံးရသည်။
၁၃။ ပုရွက်ဆိတ်လား, အားညီငြား,
ကြီးမားကိစ္စ အောင်မြင်သည်။
၁၄။ ညီညွတ်အင်အား, အကျိုးကား, ကြီးမားလွန်းလှသည်။
၁၅။ ကိစ္စတိုင်းတွင်, ပုရွက်သွင်, ကြိုတင်လုပ်ရသည်။
၁၆။ ကြိုတင်လို့လ, ရှိဖို့က, ကိစ္စတိုင်းမှာ လိုအပ်သည်။
၁၇။ ကြိုတင်လို့လ, ရှိလေက, မုချ တိုးတက်သည်။

http://www.dhammadownload.com



# လေနဲ့အစာ

၁။ အသက်ရှူတာ, ရှိုက်ထုတ်တာ, မှန်စွာ လုပ်ရသည်။
၂။ အစားအစာ, ချိန်မှန်စွာ, စားကာ သောက်ရသည်။
၃။ အသက်ရှူချင်, မရှူချင်, မှန်ပင် ရှူရသည်။
၄။ အစာ စားချင်, မစားချင်, မှန်ပင် စားရသည်။
၅။ အသက်ရှူမှ, အသက်က, မုချ ရှင်ပါသည်။
၆။ အစာ စားမှ, အသက်က, မုချ ရှင်ပါသည်။
၇။ အသက် မရှူရင်, မကြာခင်, အသင် သေသွားမည်။
၈။ အစာ မစားရင်, မကြာခင်, အသင် သေသွားမည်။
၉။ သက်ရှင်ဖို့ရာ, လေ-အစာ, လွန်စွာ လိုအပ်သည်။
၁၀။ စာဖတ်ရှုတာ, ချိန်မှန်စွာ, သင်ဟာ လုပ်ရသည်။
၁၁။ စာကျက်မှတ်တာ, ချိန်မှန်စွာ, သင်ဟာ လုပ်ရသည်။
၁၂။ စာပြန်ဆိုတာ, ချိန်မှန်စွာ, သင်ဟာ လုပ်ရသည်။
၁၃။ စာစဉ်းစားတာ, ချိန်မှန်စွာ, သင်ဟာ လုပ်ရသည်။
၁၄။ မဖတ်ချင်ချင်, ဖတ်ချင်ချင်, မှန်ပင် ဖတ်ရသည်။
၁၅။ မကျက်ချင်ချင်, ကျက်ချင်ချင်, မှန်ပင် ကျက်ရသည်။
၁၆။ မပြန်ချင်ချင်, ပြန်ချင်ချင်, မှန်ပင် ပြန်ရသည်။
၁၇။ မကြံချင်ချင်, ကြံချင်ချင်, မှန်ပင် ကြံရသည်။
၁၈။ စာတတ်ဖို့ရာ, ချိန်မှန်စွာ, ဖတ်တာ လုပ်ရသည်။

http://www.dhammadownload.com



၁၉။ စာတတ်ဖို့ရာ, ချိန်မှန်စွာ, ကျက်တာ လုပ်ရသည်။
၂၀။ စာတတ်ဖို့ရာ, ချိန်မှန်စွာ, ပြန်တာ လုပ်ရသည်။
၂၁။ စာတတ်ဖို့ရာ, ချိန်မှန်စွာ, ကြံတာ လုပ်ရသည်။

❖

## သစ်ရွက်

၁။ သေရမယ့်ရေး, နေ့တိုင်း တွေး,
ထိုတွေး ကြွယ်သင့်သည်။
၂။ ငါ သေရမည်, ငါ သေမည်, လီလီ တွေးသင့်သည်။
၃။ မသေသူက, ဒီလောက, ဘယ်မှ မရှိပြီ။
၄။ လူတိုင်းပင်လျှင်, တစ်နေ့တွင်, မုန်ပင် သေရမည်။
၅။ တစ်နေ့ထက်တစ်နေ့, သေမယ့်နေ့, နီး၍ လာနေပြီ။
၆။ မသေခင်လေး, ကုသိုလ်ရေး, မနှေး ပြုသင့်သည်။
၇။ သေပြီးနောက်ခါ, ကိုယ့်နောက်မှာ, ဘယ်ဟာမှ မပါပြီ။
၈။ သံသရာမှာ, ကိုယ့်ကံသာ, ကပ်ကာ လိုက်ပါသည်။
၉။ မသေသေးခင်, ချင်းချင်းတွင်, ကြင်ကြင်နာနာ ရှိရသည်။
၁၀။ မသေသေးခင်, ချင်းချင်းတွင်, ခင်ခင်မင်မင် ရှိရသည်။
၁၁။ မသေသေးခင်, ချင်းချင်းတွင်,
ကူချင်စိတ်တွေ မွေးရသည်။

http://www.dhammadownload.com



၁၂။ သတ္တဝါတိုင်းပင်, ထာဝစဉ်, သက်ရှင်ချင်ကြသည်။
၁၃။ သက်ရှင်ချင်ကြ, ဘယ်သူမှ, ဆန္ဒ မပြည့်ပြီ။
၁၄။ မသေချင်ဘဲသာ, လူတိုင်းဟာ, သေကာ သွားကြသည်။
၁၅။ သစ်ရွက်တွေက, ကြွေချိန်ကျ, ကြွေကြရပါသည်။
၁၆။ သစ်သီးတွေက, ကြွေချိန်ကျ, ကြွေကြရပါသည်။
၁၇။ နေမင်းသော်မှ, ဝင်ချိန်ကျ, ဝင်ရပါပေသည်။
၁၈။ သတ္တဝါမှန်သမျှ, သေချိန်ကျ, သေကြရပါသည်။
၁၉။ ကုသိုလ်လီလီ, မသေမီ, သင်သည် ပြုသင့်သည်။
၂၀။ သံသရာမှာ, ကုသိုလ်သာ, ကိုယ့်မှာ ကူညီမည်။

❖

## အသုဘဘာဝနာ

၁။ သေပြီးနောက်တွင်, မကြာခင်, ကိုယ်တွင် ပုပ်လာသည်။
၂။ သွေးပုပ်တွေ ယို, ပြည်တွေ ယို, ဒီကိုယ် ရွံ့ကြပြီ။
၃။ ပုပ်နံ့ ထွက်ရင်, မိဘပင်, နားတွင် မကပ်ပြီ။
၄။ ပုပ်နံ့ ထွက်ရင်, ဇနီးပင်, နားတွင် မကပ်ပြီ။
၅။ ပုပ်နံ့ ထွက်ရင်, သမီးပင်, နားတွင် မကပ်ပြီ။
၆။ ပုပ်နံ့ ထွက်ရင်, သားချစ်ပင်, နားတွင် မကပ်ပြီ။
၇။ ပုပ်နံ့ ထွက်ရင်, ချစ်လင်ပင်, နားတွင် မကပ်ပြီ။

http://www.dhammadownload.com



၈။ ပုပ်နံ့ ထွက်က, လူတိုင်းက, ဝေးမှ ရှောင်ကြပြီ။
၉။ သေသွားသောခါ, ဒီလိုသာ, မှန်စွာ ဖြစ်လာမည်။
၁၀။ မသေသေးခင်, နေ့စဉ်ပင်, မစင် ယိုထွက်သည်။
၁၁။ မသေခင်ပင်, ဒီကိုယ်တွင်, နေ့စဉ် ဆီး ထွက်သည်။
၁၂။ မျက်ချေး - သွားချေး, နားဖာချေး,
ညစ်ကြေး ချွေး ထွက်သည်။
၁၃။ မသေခင်ပင်, ရွံဖွယ်ပင်, နေ့စဉ် ယိုထွက်သည်။
၁၄။ ရွံဖွယ်တွေ ထွက်, ထိုအချက်, ရှုကွက် ဖြစ်ပါသည်။
၁၅။ ထိုရှုကွက်ရှု, နေ့စဉ် ပြု, အသုဘဘာဝနာ ဖြစ်ပါသည်။
၁၆။ ကိုယ့်ကိုယ်ပေါ်ဝယ်, သူ့ကိုယ်ဝယ်,
အတွယ် ကင်းလာမည်။
၁၇။ အမှန် မမြင်, ကိုယ်ပေါ်တွင်, ခုံမင် နေတော့သည်။
၁၈။ အရှိတိုင်းသာ, ရှုမြင်ကာ, ခါခါ သိသင့်သည်။
၁၉။ အရှိတိုင်းသာ, သိမြင်လာ, တဏှာ ကင်းကွာသည်။
၂၀။ တဏှာကင်းမှ, ဒုက္ခက, လွတ်ရပါပေမည်။

❖

http://www.dhammadownload.com



## ဂုဏ်

၁။ သူ့ဂုဏ်ကို မြှင့်၊ ကိုယ့်ဂုဏ် မြင့်၊ မြှင့်သင့်လှပါသည်။
၂။ သူ့ဂုဏ်ကို နှိမ့်၊ ကိုယ့်ဂုဏ် နိမ့်၊ အနှိမ့် ရှောင်ရသည်။
၃။ ဂုဏ် မလိုချင်၊ ဂုဏ် ပိုဝင်၊ လိုချင် မဝင်ပြီ။
၄။ ဂုဏ်ကို မမက်၊ ဂုဏ် ပိုတက်၊ ဂုဏ်မက် ဂုဏ်ပျက်သည်။
၅။ ဂုဏ် မလုပ်မှ၊ ဂုဏ် တက်စွ၊ လုပ်က နိမ့်ကျသည်။
၆။ ဂုဏ်နောက် မလိုက်၊ ဂုဏ်တစ်သိုက်၊
ကိုယ်၌ လိုက်လာသည်။
၇။ အပြစ် ကင်းရင်၊ လိုလိုပင်၊ ဂုဏ်ရှင် ဖြစ်လာသည်။
၈။ ပြော-ပြု-ကြံတွေး၊ ပြစ်ကင်းရေး၊ အလေးပြုရသည်။

❖

## ဦးဆုံးပင်

၁။ ရှေ့ဆောင် လုပ်သူဟာ၊ ကျိုးပေးရာ၊ ရှေ့မှာ ရှိပါသည်။
၂။ ထိပ်က လုပ်သူဟာ၊ ကျိုးပေးရာ၊ ထိပ်မှာ ရှိပါသည်။
၃။ အိပ်ရာ ထရင်၊ ဦးဆုံးပင်၊ အရင် ထရသည်။
၄။ အလုပ် သွားရင်၊ ဦးဆုံးပင်၊ အရင် သွားရသည်။
၅။ အလုပ် လုပ်ရင်၊ ဦးဆုံးပင်၊ အရင် လုပ်ရသည်။

http://www.dhammadownload.com



၆။ ဆရာ ခေါ်ရင်, ဦးဆုံးပင်, အရင် လာရသည်။
၇။ ဆရာ ခိုင်းရင်, ဦးဆုံးပင်, အရင် လုပ်ရသည်။
၈။ စာတက် သွားရင်, ဦးဆုံးပင်, အရင် သွားရသည်။
၉။ ဘုရား ဝတ်သွားရင်, ဦးဆုံးပင်, အရင် သွားရသည်။
၁၀။ တရား ထိုင်ရင်, ဦးဆုံးပင်, အရင် ထိုင်ရသည်။
၁၁။ စာဆို ခိုင်းရင်, ဦးဆုံးပင်, အရင် ဆိုရသည်။
၁၂။ သောက်ရေ ဖြည့်ရင်, ဦးဆုံးပင်, အရင် ဖြည့်ရသည်။
၁၃။ တံမြက် လှည်းရင်, ဦးဆုံးပင်, အရင် လှည်းရသည်။
၁၄။ အမှိုက် ကျုံးရင်, ဦးဆုံးပင်, အရင် ကျုံးရသည်။
၁၅။ အမှိုက် ပစ်ရင်, ဦးဆုံးပင်, အရင် ပစ်ရသည်။
၁၆။ အမှိုက် ကောက်ရင်, ဦးဆုံးပင်, အရင် ကောက်ရသည်။
၁၇။ ကြမ်းကို တိုက်ရင်, ဦးဆုံးပင်, အရင် တိုက်ရသည်။
၁၈။ ကုရှိ ဆေးရင်, ဦးဆုံးပင်, အရင် ဆေးရသည်။
၁၉။ ပန်းကန် ဆေးရင်, ဦးဆုံးပင်, အရင် ဆေးရသည်။
၂၀။ ပန်းကန် သုတ်ရင်, ဦးဆုံးပင်, အရင် သုတ်ရသည်။
၂၁။ ပန်းကန် စီရင်, ဦးဆုံးပင်, အရင် စီရသည်။
၂၂။ ဆွမ်းခံ တန်းရင်, ဦးဆုံးပင်, အရင် တန်းရသည်။
၂၃။ ပစ္စည်း သယ်ရင်, ဦးဆုံးပင်, အရင် သယ်ရသည်။
၂၄။ ပစ္စည်း သိမ်းရင်, ဦးဆုံးပင်, အရင် သိမ်းရသည်။
၂၅။ ဖိနပ် စီရင်, ဦးဆုံးပင်, အရင် စီရသည်။
၂၆။ သူများ ကူရင်, ဦးဆုံးပင်, အရင် ကူရသည်။

http://www.dhammadownload.com



၂၇။ ကုသိုလ် လုပ်ရင်, ဦးဆုံးပင်, အရင် လုပ်ရသည်။
၂၈။ ဝေယျာဝစ္စ လုပ်ရင်, ဦးဆုံးပင်, အရင် လုပ်ရသည်။
၂၉။ လုပ်စရာ ရှိရင်, ဦးဆုံးပင်, အရင် လုပ်ရသည်။
၃၀။ ဆရာ မေးရင်, မှန်တိုင်းပင်, အရင် ဖြေရသည်။

❖

## ချစ်ရသူပမာ

၁။ မျက်စိနဲ့ စာ, မပြတ်ပါ, သူဟာ စာတော်မည်။
၂။ တွေးစိတ်နဲ့ စာ, မပြတ်ပါ, သူဟာ စာတော်မည်။
၃။ သွားရင်လဲ စာ, ရပ်လဲ စာ, စာသာ တွေးနေသည်။
၄။ လျောင်းရင်းလဲ စာ, ထိုင်လဲ စာ, စာသာ တွေးနေသည်။
၅။ ရေချိုးလဲ စာ, အိမ်သာပါ, စာသာ တွေးနေသည်။
၆။ အမှိုက်လှည်း စာ, ကျုံးရာ စာ, ပစ်ရာ စာတွေးသည်။
၇။ အလုပ်လုပ်လည်း စာ, နားလည်း စာ,
စာသာ တွေးနေသည်။
၈။ ချိန်အားနေလျှင်, စာကိုပင်, တွေးဝင်နေပါသည်။
၉။ ချစ်ရသူတွင်, အမြဲပင်, စိတ်ဝင်စားလှသည်။
၁၀။ ချစ်ရသူပမာ, စာပေါ်မှာ, စိတ်ပါဝင်စားရပါသည်။
၁၁။ ထိုသို့ ဝင်စား, အသင်ကား, တအား စာတော်မည်။

http://www.dhammadownload.com



၁၂။ စာတော်ချင်စွ, ထိုဆန္ဒ, ပြင်းပြရပါသည်။
၁၃။ ပြင်းပြလေက, ကြိုးစားစွ, မုချ စာတော်မည်။
၁၄။ သုံးပုံပိဋက, နှုတ်တက်ရ, ဆောင်ကြသူတွေ ရှိပါသည်။
၁၅။ သူတို့စိတ်ဟာ, စာပေါ်မှာ, လွန်စွာ ဝင်စားသည်။
၁၆။ ထို့ကြောင့်သာပ, ပိဋက, နှုတ်ရ ဆောင်နိုင်သည်။
၁၇။ သူတို့ ဆန္ဒ, ဝီရိယ, အားကျသင့်ပါသည်။
၁၈။ သူတို့လိုသာ, ကြိုးစားပါ, သင်ဟာ စာတော်မည်။
၁၉။ ချိန်မှန် ဖတ်ရင်, အမှန်ပင်, အသင် စာတတ်မည်။
၂၀။ ချိန်မှန် ကျက်ရင်, အမှန်ပင်, အသင် စာတတ်မည်။
၂၁။ ချိန်မှန် ပြန်ရင်, အမှန်ပင်, အသင် စာတတ်မည်။
၂၂။ ချိန်မှန် ကြံရင်, အမှန်ပင်, အသင် စာတတ်မည်။
၂၃။ အစာ-လေပမာ, စာပေဟာ, သင့်မှာ လိုအပ်သည်။

❖

## စာရလွယ်ချင်

၁။ စိတ် မကြည်ရင်, ဉာဏ် မရွှင်, ကြည်ရင် ဉာဏ်ရွှင်သည်။
၂။ တရား မှတ်လျှင်, စိတ်အစဉ်, မှန်ပင် ကြည်ရွှင်သည်။
၃။ စိတ် မကြည်ခါ, အထူးသာ, ရှုကာ မှတ်ရသည်။
၄။ ရှုမှတ်ပေးရာ, စိတ် ရွှင်လာ, ဉာဏ်ပါ ရွှင်လာသည်။

http://www.dhammadownload.com



၅။ ဉာဏ်ရွှင်လာမှ, စာကျက်က, စာရ လွယ်ပါသည်။
၆။ စာရလွယ်ချင်, နေ့စဉ်ပင်, အသင် ရှုသင့်သည်။
၇။ တစ်ခါ မှတ်ရင်, တစ်ခါပင်, စိတ်ရွှင်လာပါမည်။
၈။ အခါခါ မှတ်ရင်, အခါခါပင်, စိတ်ရွှင်လာပါမည်။
၉။ များများ မှတ်ရင်, များများပင်, စိတ်ရွှင်လာပါမည်။
၁၀။ စိတ်ရွှင်ဖို့ရာ, ရှုမှတ်တာ, လွန်စွာ စွမ်းပါသည်။

❖

## ပူဇော်မည်

၁။ အာမိသပူဇာ (ပစ္စယပူဇာ) ဟာ, သာသနာ, ကောင်းစွာ မဆောင်နိုင်။
၂။ ကျောင်းကြီးတစ်ထောင်ဟာ, သာသနာ, ကောင်းစွာ မဆောင်နိုင်။
၃။ စေတီကြီး တစ်ထောင်ဟာ, သာသနာ, ကောင်းစွာ မဆောင်နိုင်။
၄။ တစ်နေ့တာလေးမျှ, ထိုဟာက, ဆောင်မ - မထားနိုင်။
၅။ ယာဂု တစ်ကျိုက် သောက်မျှ, ထိုဟာက, ဆောင်မ - မထားနိုင်။
၆။ ပြုသူအားသာ, ထိုပူဇာ, ကျိုးဟာ ရှိပါသည်။

http://www.dhammadownload.com



၇။ ကောင်းကောင်း ကျင့်ကာ, ပူဇော်တာ,
မြတ်စွာ ကြိုက်လှသည်။
၈။ ဓမ္မပူဇာဟာ, သာသနာ, ကောင်းစွာ ဆောင်နိုင်သည်။
၉။ အာမိသ-ဓမ္မ, ပူဇာက, နှစ်ဝ ရှိပါသည်။
၁၀။ ဓမ္မပူဇာဟာ, အာမိသာ, ပူဇာထက် မြတ်သည်။
၁၁။ ဓမ္မပူဇာ, အဖြာဖြာ, ငါဟာ ပြုလုပ်မည်။
၁၂။ ဓမ္မပူဇာ, ဤသို့သာ, ငါဟာ ပြုလုပ်မည်။
၁၃။ သီလထိန်းကာ, မြတ်ဗုဒ္ဓါ, ငါဟာ ပူဇော်မည်။
၁၄။ ဂုဏ်တော်ပွားကာ, မြတ်ဗုဒ္ဓါ, ငါဟာ ပူဇော်မည်။
၁၅။ ဘုရားရှိခိုးကာ, မြတ်ဗုဒ္ဓါ, ငါဟာ ပူဇော်မည်။
၁၆။ မေတ္တာပွားကာ, မြတ်ဗုဒ္ဓါ, ငါဟာ ပူဇော်မည်။
၁၇။ တရားမှတ်ကာ, မြတ်ဗုဒ္ဓါ, ငါဟာ ပူဇော်မည်။
၁၈။ အမျှဝေကာ, မြတ်ဗုဒ္ဓါ, ငါဟာ ပူဇော်မည်။
၁၉။ သာဓုခေါ်ကာ, မြတ်ဗုဒ္ဓါ, ငါဟာ ပူဇော်မည်။
၂၀။ စာပို့ချကာ, မြတ်ဗုဒ္ဓါ, ငါဟာ ပူဇော်မည်။
၂၁။ တရားဟောကာ, မြတ်ဗုဒ္ဓါ, ငါဟာ ပူဇော်မည်။
၂၂။ စာဝါတက်ကာ, မြတ်ဗုဒ္ဓါ, ငါဟာ ပူဇော်မည်။
၂၃။ စာကျက်မှတ်ကာ, မြတ်ဗုဒ္ဓါ, ငါဟာ ပူဇော်မည်။
၂၄။ စာပြန်ဆိုကာ, မြတ်ဗုဒ္ဓါ, ငါဟာ ပူဇော်မည်။
၂၅။ စာစဉ်းစားကာ, မြတ်ဗုဒ္ဓါ, ငါဟာ ပူဇော်မည်။
၂၆။ စာကြိုးစားကာ, မြတ်ဗုဒ္ဓါ, ငါဟာ ပူဇော်မည်။

http://www.dhammadownload.com



၂၇။ သန့်ရှင်း၍သာ, မြတ်ဗုဒ္ဓါ, ငါဟာ ပူဇော်မည်။
၂၈။ သပ်ရပ်၍သာ, မြတ်ဗုဒ္ဓါ, ငါဟာ ပူဇော်မည်။
၂၉။ တိတ်ဆိတ်၍သာ, မြတ်ဗုဒ္ဓါ, ငါဟာ ပူဇော်မည်။
၃၀။ စည်းကမ်းရှိကာ, မြတ်ဗုဒ္ဓါ, ငါဟာ ပူဇော်မည်။
၃၁။ အမှိုက်လှည်းကာ, မြတ်ဗုဒ္ဓါ, ငါဟာ ပူဇော်မည်။
၃၂။ အမှိုက်ကျုံးကာ, မြတ်ဗုဒ္ဓါ, ငါဟာ ပူဇော်မည်။
၃၃။ အမှိုက်ကောက်ကာ, မြတ်ဗုဒ္ဓါ, ငါဟာ ပူဇော်မည်။
၃၄။ အမှိုက်သွန်ကာ, မြတ်ဗုဒ္ဓါ, ငါဟာ ပူဇော်မည်။
၃၅။ သောက်ရေ ဖြည့်ကာ, မြတ်ဗုဒ္ဓါ, ငါဟာ ပူဇော်မည်။
၃၆။ ကုဋိဆေးကာ, မြတ်ဗုဒ္ဓါ, ငါဟာ ပူဇော်မည်။
၃၇။ ပန်းကန်ဆေးကာ, မြတ်ဗုဒ္ဓါ, ငါဟာ ပူဇော်မည်။
၃၈။ သည်းခံ၍သာ, မြတ်ဗုဒ္ဓါ, ငါဟာ ပူဇော်မည်။
၃၉။ ကူညီပေးကာ, မြတ်ဗုဒ္ဓါ, ငါဟာ ပူဇော်မည်။
၄၀။ စိတ်ကောင်းထားကာ, မြတ်ဗုဒ္ဓါ, ငါဟာ ပူဇော်မည်။
၄၁။ တာဝန်ကျေကာ, မြတ်ဗုဒ္ဓါ, ငါဟာ ပူဇော်မည်။
၄၂။ ကြောင့်ကြစိုက်ကာ, မြတ်ဗုဒ္ဓါ, ငါဟာ ပူဇော်မည်။
၄၃။ ရိုးသားဖြောင့်ကာ, မြတ်ဗုဒ္ဓါ, ငါဟာ ပူဇော်မည်။
၄၄။ ရိုကျိုးနွံကာ, မြတ်ဗုဒ္ဓါ, ငါဟာ ပူဇော်မည်။
၄၅။ ပူဇော်နိုင်စွ, ငါ့ဘဝ, အရ တော်ပေသည်။
၄၆။ ပူဇော်နိုင်စွ, ငါ့ဘဝ, အားရ ကျေနပ်သည်။

❖

http://www.dhammadownload.com



## ကုဋီ(အိမ်သာ)ဝယ် လိုက်နာဖွယ်

၁။ တံခါးဖွင့်ခါ၊ ပိတ်တဲ့ခါ၊ ညင်ညင်သာသာ ရှိရသည်။
၂။ ဆီးသွားလေရာ၊ ထိုင်လျက်သာ၊ စွန့်တာ လုပ်ရသည်။
၃။ ကိစ္စပြီးခါ၊ ရေလောင်းပါ၊ သန့်ကာ နေရသည်။
၄။ ရေ လိုအပ်ခါ၊ ရေ ဖွင့်ပါ၊ ပြီးခါ ပြန်ပိတ်ရပါသည်။
၅။ မီး လိုအပ်ခါ၊ မီး ဖွင့်ပါ၊ ပြီးခါ ပြန်ပိတ်ရပါသည်။
၆။ ရေပိုက်ခေါင်းမှာ၊ ပိတ်တဲ့ခါ၊
လွန်စွာ ကြပ်အောင် မပိတ်ရပြီ။
၇။ အိမ်သာ ညစ်ပေ၊ သန့်ရှင်းလေ၊ ရုပ်ရည် လှပမည်။
၈။ ရုပ်ရည်အလှ၊ အိမ်သာမှ၊ ယူက ရနိုင်သည်။
၉။ ကျင်ငယ် စွန့်လျှင်၊ အိမ်သာတွင်၊ အစဉ် စွန့်ရသည်။

❖

## ရေချိုးရာဝယ် လိုက်နာဖွယ်

၁။ ရေလောင်းချိုးရာ၊ ကိုယ်ပေါ်သာ၊ ရေဟာ ကျရသည်။
၂။ ရေခပ်ယူရာ၊ ညင်ညင်သာ၊ ခပ်ကာ ယူရသည်။
၃။ ရေချိုးစဉ်တွင်း၊ ပြောဆိုခြင်း၊ ဆော့ခြင်း ရှောင်ရသည်။
၄။ ရေချိုးချိန်မှာ၊ ရေဒကာ၊ မေတ္တာပို့ရသည်။
၅။ ရေ လိုအပ်ခါ၊ ရေ ဖွင့်ပါ၊ ပြီးခါ ပြန်ပိတ်ရပါသည်။
၆။ သတ်မှတ်ထားရာ၊ ချိန်မှာသာ၊ သင်ဟာ ချိုးရမည်။

❖

http://www.dhammadownload.com



## သပိတ်ထားပုံ

၁။ ကျောင်းက ကိုရင်, ကြီး ကိုရင်, ပေါ်စင် ထားရမည်။
၂။ လတ်-ငယ် ကိုရင်, အလယ်စင်, စီစဉ်ထားရမည်။
၃။ ဆေးပြီးတဲ့ခါ, ရေ သုတ်ပါ, ဖွင့်ကာ ခဏ ထားရမည်။
၄။ သပိတ်ထဲမှာ, ခွက် စစ္စာ, ထည့်ကာ ပိတ်ရမည်။
၅။ ရေချိုးခွက်မှာ, သွားတိုက်တာ,
ဆပ်ပြာစသည် ထားရမည်။
၆။ ရေချိုးခွက်ဟာ, အောက်စင်မှာ, ညီညာနေရမည်။

❖

## အိပ်ရာထားပုံ အစီအစဉ်

၁။ အိပ်ရာခင်း-စောင်, ကိုယ့် ခြင်ထောင်,
ညီအောင် ခေါက်ရမည်။
၂။ အိပ်ရာခင်း-စောင်ဟာ, အောက်ဆုံးမှာ,
လယ်မှာ ခြင်ထောင် ထားရမည်။
၃။ အပေါ်ဆုံးတွင်, ခေါင်းအုံး တင်,
ထိုတွင် မျက်နှာသုတ် ထားရမည်။

http://www.dhammadownload.com



၄။ နေရာထိုင်ငယ်, ခေါင်းအုံး ဘယ်,
ဘေးဝယ် ထားရမည်။
၅။ သင်္ကန်းစပေ, ပစ္စည်းတွေ, ထားလေ ညာဘက်ဆီ။
၆။ ထိုသို့ ထားရာ, ညီညာစွာ, ရှင်းစွာ ထားရမည်။

❖

## သစ်ပင်

၁။ သစ်ပင်အောက်တွင်, နွားဖူးရင်,
ထိုပင် ကျေးဇူးရှင် ဖြစ်ပြီ။
၂။ သစ်ပင်အောက်တွင်, ခိုဖူးရင်,
ထိုပင် ကျေးဇူးရှင် ဖြစ်ပြီ။
၃။ သစ်ပင်အောက်တွင်, ထိုင်ဖူးရင်,
ထိုပင် ကျေးဇူးရှင် ဖြစ်ပြီ။
၄။ သစ်ပင်အောက်တွင်, အိပ်ဖူးရင်,
ထိုပင် ကျေးဇူးရှင် ဖြစ်ပြီ။
၅။ ကျေးဇူးအရှင်, ထိုသစ်ပင်, အသင် မဖြတ်ရပြီ။
၆။ ကျေးဇူးအရှင်, ထိုသစ်ပင်, အသင် မချိုးရပြီ။
၇။ ကျေးဇူးအရှင်, ထိုသစ်ပင်, အသင် မခုတ်ရပြီ။
၈။ သစ်ပင်၏ပင်, ကျေးဇူးတွင်, သိမြင်နိုင်ရသည်။

http://www.dhammadownload.com



၉။ ထမင်းတစ်လုပ်ပင်, ကျွေးဖူးရင်, ကျေးဇူးရှင် ဖြစ်သည်။
၁၀။ ရေတစ်ခွက်ပင်, တိုက်ဖူးရင်, ကျေးဇူးရှင် ဖြစ်သည်။
၁၁။ ကျေးဇူးရှင်များ, ကျေးဇူးကား, သိထားရပါသည်။
၁၂။ ကျေးဇူးရှင်များ, ကျေးဇူးကား, ပြောကြားရပါသည်။
၁၃။ ကျေးဇူးရှင်များ, ကျေးဇူးကား, ဆပ်သွားရပါသည်။
၁၄။ သူ့ကျေးဇူးများ, သိတတ်ငြား, သူကား တော်ပါသည်။
၁၅။ သိရုံမက, ဖော်ပြောစွ, သူက ပိုတော်သည်။
၁၆။ ပြောရုံမက, ပေးဆပ်စွ, သူက တော်ဆုံး ဖြစ်သည်။
၁၇။ ကျေးဇူး မသိ, ချေဖျက်ဘိ, ထိုသည့်သူဟာ ဆိုးလှသည်။
၁၈။ ကျေးဇူး မသိငြား, ထိုသူကား, ကြီးပွား ကင်းလေပြီ။
၁၉။ ကျေးဇူး ကန်းငြား, ထိုသူကား, ကြီးပွား ကင်းလေပြီ။
၂၀။ ကျေးဇူး သိငြား, ထိုသူကား, ကြီးပွားချမ်းသာသည်။

❖

## ကြောင့်ကြစိတ်

၁။ ရှုပ်ပွနေတာ, ရှင်းဖို့ရာ, သူဟာ ကြောင့်ကြသည်။
၂။ အမြင်မတော်တာ, ပြင်ဖို့ရာ, သူဟာ ကြောင့်ကြသည်။
၃။ တံခါးဖွင့်တာ, ပြန်ပိတ်တာ, သူဟာ ကြောင့်ကြသည်။
၄။ ရေကို ဖွင့်တာ, ပြန်ပိတ်တာ, သူဟာ ကြောင့်ကြသည်။

http://www.dhammadownload.com



၅။ သပ်ရပ်ညီညာ, ထားဖို့ရာ, သူဟာ ကြောင့်ကြသည်။
၆။ သန့်ရှင်းစွာသာ, ဖြစ်ဖို့ရာ, သူဟာ ကြောင့်ကြသည်။
၇။ ကိုယ့်နေရာမှာ, ရှင်းဖို့ရာ, သူဟာ ကြောင့်ကြသည်။
၈။ ဆင်ဝင်နေရာ, ရှင်းဖို့ရာ, သူဟာ ကြောင့်ကြသည်။
၉။ မီးဖိုချောင်မှာ, ရှင်းဖို့ရာ, သူဟာ ကြောင့်ကြသည်။
၁၀။ ရေချိုးကန်မှာ, ရှင်းဖို့ရာ, သူဟာ ကြောင့်ကြသည်။
၁၁။ သပိတ်စင်မှာ, ရှင်းဖို့ရာ, သူဟာ ကြောင့်ကြသည်။
၁၂။ သပိတ်စင်မှာ, ညီဖို့ရာ, သူဟာ ကြောင့်ကြသည်။
၁၃။ သပိတ်စင်မှာ, စီဖို့ရာ, သူဟာ ကြောင့်ကြသည်။
၁၄။ ကုဋ္ဋိအိမ်သာ, ဆေးဖို့ရာ, သူဟာ ကြောင့်ကြသည်။
၁၅။ ခွက်စသည်မှာ, ဆေးဖို့ရာ, သူဟာ ကြောင့်ကြသည်။
၁၆။ ခွက်စသည်မှာ, ညီဖို့ရာ, သူဟာ ကြောင့်ကြသည်။
၁၇။ ခွက်စသည်မှာ, စီဖို့ရာ, သူဟာ ကြောင့်ကြသည်။
၁၈။ သောက်ရေအိုးမှာ, ရေဖြည့်ရာ,
သူဟာ ကြောင့်ကြသည်။
၁၉။ ရေအိုး-ခွက်မှာ, ဆေးဖို့ရာ, သူဟာ ကြောင့်ကြသည်။
၂၀။ အမှိုက်လှည်းရာ, ကျုံး-ပစ်ရာ, သူဟာ ကြောင့်ကြသည်။
၂၁။ ဖိနပ်ညီညာ, ချွတ်ဖို့ရာ, သူဟာ ကြောင့်ကြသည်။
၂၂။ ဖိနပ်ညီညာ, တင်ဖို့ရာ, သူဟာ ကြောင့်ကြသည်။
၂၃။ ဖိနပ် မညီတာ, ပြင်ဖို့ရာ, သူဟာ ကြောင့်ကြသည်။
၂၄။ သင်္ကန်းခြောက်ခါ, ရုတ်ဖို့ရာ, သူဟာ ကြောင့်ကြသည်။

http://www.dhammadownload.com



၂၅။ သက်န်းလှန်းခါ, ညီဖို့ရာ, သူဟာ ကြောင့်ကြသည်။
၂၆။ ဆွမ်းလုံး ကျခါ, ကောက်ဖို့ရာ, သူဟာ ကြောင့်ကြသည်။
၂၇။ ဟင်းစက် ကျခါ, သုတ်ဖို့ရာ, သူဟာ ကြောင့်ကြသည်။
၂၈။ မိုး-လေ လာခါ, ကျောင်းပိုင်ဟာ,
သူဟာ ကြောင့်ကြသည်။
၂၉။ ဆရာ လိုတာ, ကူဖို့ရာ, သူဟာ ကြောင့်ကြသည်။
၃၀။ အချင်းချင်းမှာ, ကူဖို့ရာ, သူဟာ ကြောင့်ကြသည်။
၃၁။ မနိုင်သူမှာ, ကူဖို့ရာ, သူဟာ ကြောင့်ကြသည်။
၃၂။ တိတ်ဆိတ်ညင်သာ, ရှိဖို့ရာ, သူဟာ ကြောင့်ကြသည်။
၃၃။ ပစ္စည်းသိမ်းခါ, ညီဖို့ရာ, သူဟာ ကြောင့်ကြသည်။
၃၄။ ပစ္စည်းသိမ်းခါ, စီဖို့ရာ, သူဟာ ကြောင့်ကြသည်။
၃၅။ ဆွမ်းခံချိန်ဟာ, မှန်ဖို့ရာ, သူဟာ ကြောင့်ကြသည်။
၃၆။ ဆေးကြောနေရာ, သန့်ဖို့ရာ, သူဟာ ကြောင့်ကြသည်။
၃၇။ ကျောင်းကိစ္စတွေမှာ, အမြဲသာ, သူဟာ ကြောင့်ကြသည်။
၃၈။ ကြောင့်ကြစိုက်တတ်, သူ့စိတ်ဓာတ်, မြင့်မြတ်လှပါသည်။
၃၉။ ကြောင့်ကြစိုက်ပြား, သူ့စိတ်ထား, လေးစားရပါသည်။
၄၀။ ကြောင့်ကြစိုက်ရိုး, သူ့စိတ်မျိုး, တန်ဖိုးကြီးလှသည်။
၄၁။ ကြောင့်ကြစိုက်ရိုး, သူ့စိတ်မျိုး, အားကိုးရပါသည်။
၄၂။ ကြောင့်ကြစိုက်ရိုး, သူ့စိတ်မျိုး, အကျိုးကြီးလှသည်။

http://www.dhammadownload.com



# အကောင်း

၁။ ကိုယ့်ရဲ့အတွေး၊ ကောင်းတာ တွေး၊
ထိုတွေး ကောင်းကျိုးပေးပါသည်။
၂။ ကိုယ့်ရဲ့အကြံ၊ ကောင်းတာ ကြံ၊
ထိုကြံ ကောင်းကျိုးပေးပါသည်။
၃။ ကိုယ့်ရဲ့ အပြော၊ ကောင်းတာ ပြော၊
ထိုပြော ကောင်းကျိုးပေးပါသည်။
၄။ ကိုယ့်ရဲ့ အပြု၊ ကောင်းတာ ပြု၊
ထိုပြု ကောင်းကျိုးပေးပါသည်။
၅။ ကောင်းတာ လိုချင်၊ ကောင်းကောင်းပင်၊
အသင် တွေးရသည်။
၆။ ကောင်းတာ လိုချင်၊ ကောင်းကောင်းပင်၊
အသင် ကြံရသည်။
၇။ ကောင်းတာ လိုချင်၊ ကောင်းကောင်းပင်၊
အသင် ပြောရသည်။
၈။ ကောင်းတာ လိုချင်၊ ကောင်းကောင်းပင်၊
အသင် ပြုရသည်။
၉။ ကောင်းတာ တွေးရင်၊ ကောင်းကျိုးပင်၊
အသင် ရပါမည်။
၁၀။ ကောင်းတာ ကြံရင်၊ ကောင်းကျိုးပင်၊ အသင် ရပါမည်။

http://www.dhammadownload.com



၁၁။ ကောင်းတာ ပြောရင်, ကောင်းကျိုးပင်,
အသင် ရပါမည်။
၁၂။ ကောင်းတာ ပြုရင်, ကောင်းကျိုးပင်, အသင် ရပါမည်။
၁၃။ ကောင်းတာ ရရေး, ကောင်းတဲ့ တွေး,
မနေး တွေးသင့်သည်။
၁၄။ ကောင်းတာ ရရန်, ကောင်းတဲ့ကြံ, မြန်မြန် ကြံသင့်သည်။
၁၅။ ကောင်းကျိုး ရှေးရှု, ကောင်းပြောပြု, ယခု ပြောပြုမည်။

❖

## အာဇာနည်

၁။ လှေခွက်ချည်း ကျန်စေ, အလံပေ, သူလေ မလှဲပြီ။
၂။ လမ်းဆုံး မရောက်, လက် မမြောက်, ဒူးထောက် မရှိပြီ။
၃။ ပန်းတိုင် မရောက်သရွေ့, ပြန်ကာတွေ့,
လှည့်လေ့ မရှိပြီ။
၄။ အာဇာနည်များ, ထိုစိတ်ထား, ပိုင်ထားကြပါသည်။
၅။ အာဇာနည်လား, အသင်ကား, စိတ်ထား ထိုသို့ ရှိရသည်။
၆။ ထိုသို့ ရှိပြီ, အာဇာနည်, သင်သည် ဖြစ်သွားပြီ။
၇။ ရှေ့သို့ ချည်းသာ, ခြီတက်ကာ,
လိုရာ ရောက်အောင် သွားရသည်။

http://www.dhammadownload.com



၈။ နောက်သို့ လှည့်တတ်, ထိုစိတ်ဓာတ်,
စိတ်မြတ် မဟုတ်ပြီ။
၉။ သတ္တိ မရှိ, နောက်မတွန့်,
အလွန့် အလွန် မြင့်မြတ်သည်။
၁၀။ လှူညှို့တွေကား, ညှို့စိတ်ထား, ညှို့သွားကြပါသည်။
၁၁။ သတ္တိခဲကား, ရဲစိတ်ထား, ရောက်သွား ပန်းတိုင်ဆီ။
၁၂။ အာဇာနည်ဟာ, ရဲရင့်တာ, လွန်စွာ ကြီးမားသည်။
၁၃။ အာဇာနည်သွင်, ရဲရင့်ရင်, အသင် အောင်မြင်မည်။

❖

## ပိုင်းခြား မရှိပြီ

၁။ (၃၂) သွယ်, ရွံရှာဖွယ်, ကိုယ်ဝယ် ရှိပါသည်။
၂။ (၃၂) ပါး, ပြောနိုင်ငြား, ပြောကြားရပါသည်။
၃။ မပြောနိုင်က, ငါးမျိုးမျှ, ပြောပြရပါသည်။
၄။ ဆံပင်-မွေးညင်း, ခြေသည်း-လက်သည်း, သွား-အရေ။
၅။ ခန္ဓာကိုယ်ဝယ်, ရွံရှာဖွယ်, ငါးသွယ် ဆင်ခြင်သည်။
၆။ ရှုဖွယ်ငါးဝ, ရှုမှတ်ကြ, ဗုဒ္ဓအားလုံး ဟောပြသည်။
၇။ တစ်မျိုးမျိုးမှာ, ဆင်ခြင်ကာ, ရဟန္တာ ဖြစ်ကြပြီ။
၈။ ရဟန္တာများ, အလွန်များ, ပိုင်းခြား မရှိပြီ။

http://www.dhammadownload.com



၉။ ရဟန်းမရော, ရဟန်းရော, လူရော ပါဝင်သည်။
၁၀။ မကျွမ်းကျင်ခြား, ဆရာများ, ရှင်ကား ပြုပေးသည်။
၁၁။ ရဟန္တာဖြစ်ရန်, အကြောင်းကံ, အမှန် ဖျက်ကြသည်။
၁၂။ ခေါင်းတစ်ခါ ရိတ်ရင်, သက်စေ့ပင်,
ဆင်ခြင်နိုင်ရင် ကောင်းပါသည်။

❖

## ရွှေနဲ့ကျောက်

၁။ ရွှေတုံးထဲမှာ, ညစ်ကြေးပါ,
ရွှေဟာ တန်ဖိုးလျော့သွားသည်။
၂။ ကျောက်စိမ်းတုံးမှာ, ပြစ်နာပါ,
ကျောက်ဟာ တန်ဖိုးလျော့သွားသည်။
၃။ ညစ်ကြေး ကင်းမှ, ထိုရွှေက,
များစွ တန်ဖိုးတက်လာသည်။
၄။ ပြစ်နာ ကင်းမှ, ကျောက်စိမ်းက,
များစွ တန်ဖိုးတက်လာသည်။
၅။ ရွှေမှာ ညစ်ကြေး, ကင်းစင်ရေး, မနှေး လုပ်သင့်သည်။
၆။ ကျောက်မှာ အနာ, ကင်းဖို့ရာ, မြန်စွာ လုပ်သင့်သည်။
၇။ ရွှေညစ်ကြေးမှာ, ပူပေးကာ, ခါခါ ထုတ်ရသည်။

http://www.dhammadownload.com



၈။ ကျောက်မှ အနာ၊ အခါခါ၊ သွေးကာ ဖယ်ရသည်။
၉။ သို့ပါမှသာ၊ ထိုရွှေဟာ၊ များစွာ တန်ဖိုးတက်လာသည်။
၁၀။ သို့ပါမှသာ၊ ထိုကျောက်ဟာ၊
များစွာ တန်ဖိုးတက်လာသည်။
၁၁။ လူတစ်ယောက်မှာ၊ ပြစ်နာဆာ၊ ရှိကာ နေပါသည်။
၁၂။ ပြစ်နာ ရှိက၊ တန်ဖိုးက၊ လျော့ကျနေပါသည်။
၁၃။ ကိုယ့်မှာ ရှိပါ၊ ပြစ်နာဆာ၊ ခါခါ ဖယ်ရသည်။
၁၄။ ခါခါ ဖယ်က၊ ပြစ်နာက၊ ကင်းပ သွားပေသည်။
၁၅။ ပြစ်နာ ကင်းလေ၊ တန်ဖိုးတွေ၊ တက်လေ ဖြစ်လာသည်။
၁၆။ တန်ဖိုးတက်ရေး၊ ပြစ်နာလေး၊ ဖယ်ပေးမှ ဖြစ်မည်။

❖

## အရသာ

၁။ စာဖတ်ရာမှာ၊ အရသာ၊ သင့်မှာ ပေါ်သင့်သည်။
၂။ စာကျက်ရာမှာ၊ အရသာ၊ သင့်မှာ ပေါ်သင့်သည်။
၃။ စာကြံရာမှာ၊ အရသာ၊ သင့်မှာ ပေါ်သင့်သည်။
၄။ စာပြန်ရာမှာ၊ အရသာ၊ သင့်မှာ ပေါ်သင့်သည်။
၅။ စာဖတ်ရာမှာ၊ ကြည်နူးတာ၊ သင့်မှာ ပေါ်သင့်သည်။
၆။ စာကျက်ရာမှာ၊ ကြည်နူးတာ၊ သင့်မှာ ပေါ်သင့်သည်။
၇။ စာကြံရာမှာ၊ ကြည်နူးတာ၊ သင့်မှာ ပေါ်သင့်သည်။
၈။ စာပြန်ရာမှာ၊ ကြည်နူးတာ၊ သင့်မှာ ပေါ်သင့်သည်။

http://www.dhammadownload.com



၉။ အရသာ ပေါ်မှ, လိုဆန္ဒ, လှုံ့လ ရှိလာမည်။
၁၀။ အရသာ ပေါ်ရင်, ထိုစာတွင်, စိတ်ဝင်စားပါသည်။
၁၁။ စိတ်ဝင်စားကာ, စာကျက်ရာ, စာဟာ ရလွယ်သည်။
၁၂။ စိတ်ဝင်စားကာ, စာမှတ်ရာ, စာဟာ မှတ်လွယ်သည်။
၁၃။ စိတ်ဝင်စားကာ, စာကြံရာ, စာဟာ ကြံပျော်သည်။
၁၄။ စိတ်ဝင်စားကာ, စာပြန်ရာ, စာဟာ ပြန်ပျော်သည်။
၁၅။ ပျော်ပျော် ဖတ်-မှတ်, ပြန်-ကြံလတ်,
စာတတ်လာပေမည်။

❖

## မျိုးစေ့

၁။ မျိုးစေ့ကောင်းဟာ, မြေကောင်းမှာ,
ကောင်းစွာ ရှင်သန်သည်။
၂။ မျိုးစေ့ကောင်းဟာ, မြေညံ့မှာ,
ကောင်းစွာ မသန်ပြီ။
၃။ စည်းကမ်းကောင်းဟာ, တော်သူမှာ,
ကောင်းစွာ တည်ရှိသည်။
၄။ စည်းကမ်းကောင်းဟာ, ညံ့သူမှာ,
ကောင်းစွာ မတည်ပြီ။

❖

http://www.dhammadownload.com



## အိုး

၁။ အိုးပဲ့နဲ့သာ, ရေခံရာ, ရေဟာ နည်းလှသည်။
၂။ အိုးငယ်နဲ့သာ, ရေခံရာ, ရေဟာ များလာသည်။
၃။ အိုးလတ်နဲ့သာ, ရေခံရာ, ရေဟာ ပိုများသည်။
၄။ အိုးကြီးနဲ့သာ, ရေခံရာ, ရေဟာ လွန်များသည်။
၅။ စည်းကမ်းကောင်းမှာ, ခံယူရာ, အိုးကြီးပမာ ဖြစ်ရသည်။
၆။ အိုးကြီးအသွင်, မဖြစ်ရင်, လတ်သွင် ဖြစ်ရသည်။
၇။ အိုးလတ်အသွင်, မဖြစ်ရင်, ငယ်သွင် ဖြစ်ရသည်။
၈။ အိုးငယ်အသွင်, မဖြစ်ရင်, အိုးပဲ့အသွင် ဖြစ်ရသည်။
၉။ အသင်သည်ကား, လွန်ကြီးမား, အိုးလား ဖြစ်ရသည်။

❖

## အလင်း

၁။ မှောင်နေတဲ့ခါ, လင်းရောင်ဟာ, လွန်စွာ လိုအပ်သည်။
၂။ လင်းရောင် ရှိမှ, သွားလေက, သွားရ ဆင်ပြေသည်။
၃။ လင်းရောင် ရှိမှ, မှုကိစ္စ, လုပ်ရ လွယ်ကူသည်။
၄။ လင်းရောင် မရှိရင်, ကုန်း-ကျင်းပင်, မမြင်နိုင်တော့ပြီ။
၅။ လင်းရောင် မရှိရင်, မြွေ-ကင်းပင်, မမြင်နိုင်တော့ပြီ။

http://www.dhammadownload.com



၆။ လင်းရောင် မရှိရင်, ဘေးရန်ပင်, မမြင်နိုင်တော့ပြီ။
၇။ လင်းရောင် မရှိရင်, လမ်းသွားစဥ်,
လွန်ပင် ခက်တော့သည်။
၈။ ဘဝခရီးမှာ, ဉာဏ်ပညာ, လင်းဟာ လိုအပ်သည်။
၉။ ဉာဏ်လင်း မရှိရင်, မှားမှန်တွင်, မမြင်နိုင်တော့ပြီ။
၁၀။ ဉာဏ်လင်း မရှိရင်, ကောင်းဆိုးတွင်, မမြင်နိုင်တော့ပြီ။
၁၁။ ဉာဏ်လင်း မပါ, သွားလေရာ, လွန်စွာ ခက်တွေ့မည်။
၁၂။ ဉာဏ်လင်း ပါရင်, မှား-မှန်တွင်, သိမြင်နိုင်ပါပြီ။
၁၃။ ဉာဏ်လင်း ပါရင်, ကောင်းဆိုးတွင်, သိမြင်နိုင်ပါပြီ။
၁၄။ ဉာဏ်လင်း ပါကာ, သွားလေရာ, လွန်စွာ လွယ်ကူသည်။
၁၅။ ခရီးသွားအား, ဉာဏ်လင်းကား, ကြီးမား ကျိုးပြုသည်။
၁၆။ စာဖတ်သူကား, ဉာဏ်လင်းများ, ရသွားပါပေသည်။
၁၇။ စာပေ ဖတ်ရင်း, ဉာဏ်အလင်း,
လင်း၍ လင်း၍ လာပါသည်။
၁၈။ စာဖတ် များလေ, ဉာဏ်လင်းတွေ,
လင်းလေ လင်းလေ ဖြစ်လာသည်။
၁၉။ ဉာဏ်အလင်း များ, ထိုသူကား,
ကြီးပွားထွန်းတောက်သည်။
၂၀။ ဉာဏ်အလင်း များ, ထိုသူကား,
ထိပ်ဖျား ရောက်သွားသည်။

http://www.dhammadownload.com



## နိုင်ပါစေ

၁။ စာတစ်ပုဒ်မှာ, ကြိမ်များစွာ, သင်ဟာ ကျက်ရသည်။
၂။ စာတစ်ပုဒ်မှာ, ကြိမ်များစွာ, သင်ဟာ မှတ်ရသည်။
၃။ စာတစ်ပုဒ်မှာ, ကြိမ်များစွာ, သင်ဟာ ပြန်ရသည်။
၄။ အကြိမ်များများ, ကျက်မှတ်ထား, စာအား မမေ့ပြီ။
၅။ အကြိမ်များများ, ပြန်ဆိုထား, စာအား မမေ့ပြီ။
၆။ အကြိမ်များများ, ကြိုးစားငြား, စာအား သင် နိုင်မည်။
၇။ အကြိမ်များများ, မကြိုးစား, သင့်အား စာ နိုင်မည်။
၈။ အသင်နဲ့စာ, ယှဉ်ပြိုင်ရာ, သင်ဟာ နိုင်ရမည်။
၉။ ဖတ်ကြိမ် နည်းပါး, ထိုစာကား,
ပျောက်သွားတတ်ပါသည်။
၁၀။ ကျက်ကြိမ် နည်းပါး, ထိုစာကား,
ပျောက်သွားတတ်ပါသည်။
၁၁။ ပြန်ကြိမ် နည်းပါး, ထိုစာကား,
ပျောက်သွားတတ်ပါသည်။
၁၂။ ကျက်-မှတ်-ပြန်တွေ, များလေလေ,
စာတွေ ကျေပွန်သည်။
၁၃။ စာ ကျေပွန်မှ, စာသင်က, ပျော်ရ ရွှင်ရသည်။
၁၄။ စာတွေ မကျေ, စာသင်လေ, ပျင်းတွေ ဝင်လာသည်။
၁၅။ စာတစ်ပုဒ်တွင်, သက်စေ့ပင်,
ကျက်ရင် ရလောက်သည်။

http://www.dhammadownload.com



၁၆။ စာ မဖတ်ချင်, ထိုကိုရင်, စာတွင် လွန်ညံ့မည်။
၁၇။ စာ မမှတ်ချင်, ထိုကိုရင်, စာတွင် လွန်ညံ့မည်။
၁၈။ စာ မကျက်ချင်, ထိုကိုရင်, စာတွင် လွန်ညံ့မည်။
၁၉။ စာ မပြန်ချင်, ထိုကိုရင်, စာတွင် လွန်ညံ့မည်။
၂၀။ စာနှဲ့ ပျော်ရင်, ထိုကိုရင်, လွန်ပင် စာတော်မည်။
၂၁။ စာ ဖတ်ချင်ရ, စာ ဖတ်ရ, ဒါမှ စာတော်သည်။
၂၂။ စာ မှတ်ချင်ရ, စာ မှတ်ရ, ဒါမှ စာတော်သည်။
၂၃။ စာ ကျက်ချင်ရ, စာ ကျက်ရ, ဒါမှ စာတော်သည်။
၂၄။ စာ ကြံချင်ရ, စာ ကြံရ, ဒါမှ စာတော်သည်။
၂၅။ စာ ပြန်ချင်ရ, စာ ပြန်ရ, ဒါမှ စာတော်သည်။
၂၆။ ကျက်-မှတ်-ပြန်-တွေး, ပြုလုပ်ပေး,
မနှေး စာတတ်မည်။
၂၇။ ကျက်-မှတ်-ပြန်-တွေး, ပြုလုပ်ပေး,
မနှေး စာတော်မည်။
၂၈။ ဉာဏ်ကောင်းသော်ငြား, မကြိုးစား,
သူကား စာညံ့သည်။
၂၉။ လုံ့လလည်း ကောင်း, ဉာဏ်လည်း ကောင်း,
ကောင်းကောင်း စာတတ်သည်။
၃၀။ ဉာဏ်-ဝီရိယ, စုံလင်က, မုချ အောင်မြင်သည်။

❖

http://www.dhammadownload.com



# အလွယ်–အခက်

၁။ အထက်တက်ရာ, ခက်လှပါ, ဆင်းတာ လွယ်ကူသည်။
၂။ တိုးတက်ဖို့ရာ, ခက်လှပါ, ပျက်တာ လွယ်ကူသည်။
၃။ နာမည်ကောင်းဖို့ရာ, ခက်လှပါ,
ပျက်တာ လွယ်ကူသည်။
၄။ ကြိုးစားဖို့ရာ, ခက်လှပါ, ပျင်းတာ လွယ်ကူသည်။
၅။ လက်တွေ့လုပ်ရာ, ခက်လှပါ, ပြောတာ လွယ်ကူသည်။
၆။ လက်တွေ့လုပ်ရာ, ခက်လှပါ, တွေးတာ လွယ်ကူသည်။
၇။ ကြင်နာဖို့ရာ, ခက်လှပါ, ကြမ်းတာ လွယ်ကူသည်။
၈။ လိမ္မာဖို့ရာ, ခက်လှပါ, မိုက်တာ လွယ်ကူသည်။
၉။ ကောင်းဖို့ရာမှာ, ခက်လှပါ, ဆိုးတာ လွယ်ကူသည်။
၁၀။ သည်းခံဖို့ရာ, ခက်လှပါ, မျက်တာ လွယ်ကူသည်။
၁၁။ ပေးကမ်းဖို့ရာ, ခက်လှပါ, ယူတာ လွယ်ကူသည်။
၁၂။ ဖြောင့်မတ်ဖို့ရာ, ခက်လှပါ, ကောက်တာ လွယ်ကူသည်။
၁၃။ ပျော့ပျောင်းဖို့ရာ, ခက်လှပါ, ဆတ်တာ လွယ်ကူသည်။
၁၄။ နူးညံ့ဖို့ရာ, ခက်လှပါ, မာတာ လွယ်ကူသည်။
၁၅။ ချိုးမွမ်းဖို့ရာ, ခက်လှပါ, ကဲ့ရဲ့တာ လွယ်ကူသည်။
၁၆။ မှန်ကန်ဖို့ရာ, ခက်လှပါ, မှားတာ လွယ်ကူသည်။
၁၇။ ယဉ်ကျေးဖို့ရာ, ခက်လှပါ, ရိုင်းတာ လွယ်ကူသည်။
၁၈။ မြင့်မြတ်ဖို့ရာ, ခက်လှပါ, ယုတ်တာ လွယ်ကူသည်။

http://www.dhammadownload.com



၁၉။ ကြည်သာဖို့ရာ, ခက်လှပါ, ဣဿာ လွယ်ကူသည်။
၂၀။ ပြောလွယ်ဖို့ရာ, ခက်လှပါ, ခက်တာ လွယ်ကူသည်။
၂၁။ ခက်တာကိုပင်, လွယ်အောင်ပင်,
အသင် ကြိုးစားရပါသည်။

❖

## တောက်ပသည်

၁။ မြူ-တိမ် ကင်းစင်, ကောင်းကင်တွင်,
ကြည်လင်တောက်ပသည်။
၂။ အပြစ်ကင်းစင်, ထိုသူတွင်, ကြည်လင်တောက်ပသည်။
၃။ ကြည်လင်တောက်ပ, ဖြစ်လိုက, ပြစ်မှု ကင်းရသည်။

❖

## သဲ

၁။ သူတော်ကောင်းကား, ဆုံးမများ, လေးစားမြတ်နိုးသည်။
၂။ မသူတော်ကား, မလိုလား, တအား ရှုံ့မုန်းသည်။
၃။ သူတော်ကောင်းသာ, အသင်ဟာ,
မှန်စွာ ဖြစ်သင့်သည်။
၄။ သူတော်ကောင်းဘဝ, တန်ဖိုးက, မြင့်လှပါပေသည်။

http://www.dhammadownload.com



၅။ သူတော်ကောင်းအား, လူအများ,
လေးစားကြည်ညိုသည်။
၆။ ရှင်ရာဟုလာအသွင်, ဆုံးမတွင်, လိုချင်ရပါသည်။
၇။ နံနက်စောမှာ, ရာဟုလာ, လက်မှာ သဲယူသည်။
၈။ သဲလုံးအမျှ, ဩဝါဒ, သူက ရလိုသည်။
၉။ ရာဟုလာလိုပင်, လိုချင်ရင်, အသင် ကြီးပွားမည်။

❖

## ဝမ်းမီး

၁။ ဝမ်းမီး ညံ့ရင်, စားကောင်းပင်, အားအင် မဖြစ်ပြီ။
၂။ ဝမ်းမီး ကောင်းရင်, စာညံ့ပင်, အားအင် ဖြစ်ပါသည်။
၃။ စည်းကမ်းကောင်းများ, လူကောင်းအား,
အင်အား ဖြစ်စေသည်။
၄။ စည်းကမ်းကောင်းများ, လူညံ့အား,
အင်အား မဖြစ်ပြီ။

❖

http://www.dhammadownload.com



## ခါး

၁။ ခါးထက်ထက်နဲ့သာ၊ ဖြတ်မှသာ၊
ဖြတ်ရာ လွယ်ကူသည်။
၂။ ခါးတိုးတိုးနဲ့သာ၊ ဖြတ်လေရာ၊
ပြတ်တာ နှေးကွေးသည်။
၃။ ငယ်စဉ်မှာကား၊ ဉာဏ်အင်အား၊
ကိုယ်အား ထက်နေသည်။
၄။ ငယ်စဉ် ထက်တုန်း၊ ဉာဏ်ခါး သုံး၊
ထိပ်ဆုံး ရောက်နိုင်သည်။
၅။ ထိပ်ဆုံး ရောက်ချင်၊ ငယ်စဉ်ပင်၊
စာတွင် ကြိုးစားရပါသည်။
၆။ ကြီးခါ ကြိုးစား၊ ဉာဏ်ခါးကား၊ တုံးသွားပါလေပြီ။
၇။ ဉာဏ်ခါး မတုံးခင်၊ စာပေတွင်၊ ခုတ်ထွင်ရပါသည်။

❖

http://www.dhammadownload.com



## ရှင်ပြု

၁။ ဦးခေါင်း ရိတ်လတ်, သင်္ကန်းဝတ်,
ပေးအပ် သရဏဂုံ (၃) လီ။
၂။ ဤသည့် (၃) ခု, ပြုလုပ်မှု, ရှင်ပြု ခေါ်ပါသည်။
(သာရတ္ထ၊ တ၊ ၂၀၁။ ဝိမတိ၊ ဒု၊ ၉၄)

❖

## ရှင် မဖြစ်

၁။ ခေါင်း မရိတ်လတ်, သင်္ကန်း မဝတ်,
ပေးအပ် သရဏဂုံ (၃) လီ။
၂။ ရှင်သာမဏေ, မဖြစ်ပေ, မှတ်လေ ကျမ်းနှင့်ညီ။
(ဝဇိရဗုဒ္ဓိ၊ ၄၁၁)

❖

http://www.dhammadownload.com



## ဦးခေါင်း ရိတ်ပေးနိုင်သူ

၁။ ဘယ်သူ ရိတ်ရိတ်, ဆံပင်ရိတ်, ရိတ်လို့ ရပါသည်။
၂။ ရှင်-ရဟန်း ရိတ်ရိတ်, လူရိတ်ရိတ်, ရိတ်လို့ ရပါသည်။
(ပါစိတျာဒိ၊ ၂၄၈။ ဝိနယသင်္ဂဟာ၊ ၁၅၇)

❖

## သင်္ကန်း ဝတ်ပေးနိုင်သူတွေ

၁။ ဥပဇ္ဈာယ်-ဆရာ, ကိုယ်တိုင်သာ,
ဝတ်ကာ ပေးရင် ရပါသည်။
၂။ ရဟန်းငယ်-သာမဏေ, လူဝတ်တွေ,
ခိုင်းစေရင်လည်း ရပါသည်။
၃။ ရှင်လောင်းကိုပဲ, ဝတ်ခိုင်းလဲ, ဒါလည်း ရပါသည်။
(ပါစိတျာဒိ၊ ၂၅၀)

❖

http://www.dhammadownload.com



## ပေးမှု

၁။ ရဟန်း ပေးရာ၊ သင်္ကန်းသာ၊ ဝတ်တာ အပ်ပါသည်။
၂။ ကိုယ်တိုင် ပေးပေး၊ စေခိုင်းပေး၊ အပေး မြောက်ပါသည်။
၃။ မခိုင်းဘဲ ဝတ်၊ သင်္ကန်း ချွတ်၊ နောက်ထပ် ပေးရသည်။
၄။ ကိုယ့်ဘာသာပင်၊ ဝတ်ခဲ့ရင်၊
ရှင့်သွင် ခိုးရာ ရောက်ပါသည်။
၅။ ကိုယ့်သင်္ကန်းများ၊ ဖြစ်လေငြား၊
ဆရာသမား ပေးမှ ရပါသည်။

(ပါစိတျာဒိ၊ ၂၅၀)

❖

## သင်္ကန်း ဝတ်ပြီးရင်

၁။ သင်္ကန်း ဝတ်ပြီးရင်၊ လက်ကန်တော့တင်၊
အရှင်များရဲ့ ခြေကို ရှိခိုးရပါသည်။
၂။ ဆောင့်ကြောင့်ထိုင်သည်၊ လက်အုပ်ချီ၊
ဆိုပြီ သရဏဂုံ (၃) လီ။

(ဝိနည်း မဟာဝါ ပါဠိ၊ ၂၉)

❖

http://www.dhammadownload.com



## သရဏဂုံ ပါဠိ ရွတ်ဆိုရပုံ

၁။ မံ - ဓမ် - ယံ - ဆာ, ရွတ်ဆိုရာ,
တင်းတင်းမာမာ ရွတ်ရသည်။
၂။ ကျန်စာလုံးများ, ပုံမှန်ထား, သင်ကား ရွတ်ရသည်။
၃။ အစဉ်တိုင်းသာ, ဆိုရပါ, ကျော်ကာ မဆိုရပြီ။
၄။ တစ်ပုဒ်လုံး ကျော်, တစ်လုံး ကျော်, ကျော်သော် မရပြီ။
၅။ ဗုဒ္ဓံချည်း သုံး, ကျန် နှစ် သုံး, ဆိုထုံး မရှိပြီ။
၆။ တပည့်-ဆရာ, နှစ်ဦးဟာ, ဆိုရာ ပီရသည်။
၇။ နှစ်ဦးလုံးက, ပီပီသ, ဆိုမှ ရှင် ဖြစ်သည်။
၈။ တစ်ဦးသာ ပီ, တစ်ဦး မပီ, ရှင်သည် မဖြစ်ပြီ။

(ပါစိတျာဒိ၊ ၂၅၀)

❖

## သရဏဂုံနဲ့ ကမ္မဝါ

၁။ သရဏဂုံဖြင့်သာ, ရှင့် ဖြစ်ဟာ, ပြီးကာ သွားပါသည်။
၂။ ကိုရင်တွေမှာ, သရဏဂုံဟာ,
ရဟန်းတွေမှာ ကမ္မဝါနဲ့ တူသည်။
၃။ သရဏဂုံဖြင့်သာ, ကျင့်သိက္ခာ,
ဆောက်တည်တာလည်း ပြီးပါသည်။

(ဝိနယသင်္ဂဟ၊ ၁၆၁)

❖

http://www.dhammadownload.com



## ကြိုက်ရာနဲ့

၁။ သိက္ခာပုဒ်မှာ, ကျင့်ဖို့ရာ, သိတာ လိုအပ်သည်။
၂။ ပါဠိ-မြန်မာ, ခြားဘာသာ, ကြိုက်ရာ ပြောနိုင်သည်။
(ပါစိတ္တျာဒိ၊ ၂၅၂။ ဝိနယသင်္ဂဟ၊ ၁၆၀)

❖

## လိင်ကျရင်

၁။ လိင်ကျသွားရင်, သရဏဂုံ စင်,
ထို့ပြင် ဥပဇ္ဈာယ် ပျက်သည်။
၂။ ရှင့်သွင်မျှသာ, ကြွင်းကျန်ပါ, နောင်ခါ စောင့်ဖို့ ရည်။
၃။ ရှင်ဝတ်တိုင်းသာ, သရဏာ, ပေးပါ ဥပဇ္ဈာယ် တစ်လီ။
(ဝိနယ သင်္ဂဟ၊ ၁၆၁)

❖

http://www.dhammadownload.com



# ကြီးပွားမည်

၁။ ဘုရားပေါ်ပေ, လွန်ရိုသေ, သူလေ ကြီးပွားမည်။
၂။ တရားပေါ်ပေ, လွန်ရိုသေ, သူလေ ကြီးပွားမည်။
၃။ သံဃာပေါ်ပေ, လွန်ရိုသေ, သူလေ ကြီးပွားမည်။
၄။ ချင်းချင်းပေါ်ပေ, လွန်ရိုသေ, သူလေ ကြီးပွားမည်။
၅။ ဆရာ့ပေါ်ပေ, လွန်ရိုသေ, သူလေ ကြီးပွားမည်။
၆။ သူ့သီလတွေ, လွန်ရိုသေ, သူလေ ကြီးပွားမည်။
၇။ သူ့အလုပ်တွေ, လွန်ရိုသေ, သူလေ ကြီးပွားမည်။
၈။ ကျောင်းစည်းကမ်းတွေ, လွန်ရိုသေ,
သူလေ ကြီးပွားမည်။
၉။ ကျောင်းပစ္စည်းတွေ, လွန်ရိုသေ, သူလေ ကြီးပွားမည်။
၁၀။ ဆရာ့ပေါ်ပေ, ဝတ်လွန်ကျေ, သူလေ ကြီးပွားမည်။
၁၁။ သူ့တာဝန်တွေ, အလွန်ကျေ, သူလေ ကြီးပွားမည်။
၁၂။ ကျောင်းတာဝန်တွေ, ကြောင့်ကြပေ,
သူလေ ကြီးပွားမည်။
၁၃။ သူ့ရဲ့ စာတွေ, ကြိုးစားနေ, , သူလေ ကြီးပွားမည်။
၁၄။ သူ့ ကျက်စာတွေ, သူ ကျက်နေ, သူလေ ကြီးပွားမည်။
၁၅။ သူ့ ဖတ်စာတွေ, သူ ဖတ်နေ, သူလေ ကြီးပွားမည်။
၁၆။ သူ့ ပြန်စာတွေ, သူ ပြန်နေ, သူလေ ကြီးပွားမည်။
၁၇။ သူ့ရဲ့ စာတွေ, သူ တွေးနေ, သူလေ ကြီးပွားမည်။

❖

http://www.dhammadownload.com



# သပ်ရပ်, သန့်ရှင်း

၁။ ပစ္စည်းထားလတ်, သပ်သပ်ရပ်, ထားတတ်ရပါသည်။
၂။ ပစ္စည်းခင်းကျင်း, မသန့်ရှင်း, သန့်ရှင်းတတ်ရသည်။
၃။ ပစ္စည်း ထားကြ, ချိုး မကျ, မြင်ရ ပြင်ရသည်။
၄။ ပစ္စည်း သုံးကြ, ချိုး မကျ, မြင်ရ ပြောရသည်။
၅။ ကိုယ် ယူသုံးပြီး, ပစ္စည်းများ, ပြန်ထားတတ်ရသည်။
၆။ ကျောင်းပစ္စည်းတွေ, ကိုယ့်ဟာနေ, ရိုသေတတ်ရသည်။
၇။ ချိုး မကျကိုပင်, ချိုးကျ ထင်, ဘယ်တွင် ပြင်နိုင်မည်။
၈။ မသန့်ရှင်းကိုပင်, သန့်ရှင်း ထင်, ဘယ်တွင် ရှင်းနိုင်မည်။
၉။ ချိုး မကျတွင်, မကျဟုပင်, ရှုမြင်နိုင်ရသည်။
၁၀။ မသန့်ရှင်းတွင်, ထိုတိုင်းပင်, ရှုမြင်နိုင်ရသည်။
၁၁။ ထိုမြင် ရှိမှ, ချိုး မကျ, ချိုးကျ စေနိုင်သည်။
၁၂။ ထိုမြင် ရှိလျှင်း, မသန့်ရှင်း, သန့်ရှင်း စေနိုင်သည်။

❖

http://www.dhammadownload.com



# တပည့်ကောင်း – ဆရာကောင်း

၁။ ယခု သင်ဟာ, တပည့်သာ, နောင်ခါ ဆရာ ဖြစ်ပါမည်။

၂။ ယခု သင်ဟာ, လူငယ်သာ, နောင်ခါ လူကြီး ဖြစ်ပါမည်။

၃။ တပည့်ဘဝ, ကောင်းလေမှ, ဆရာ့ဘဝ ကောင်းပါမည်။

၄။ တပည့်ဘဝ, တော်လေမှ, ဆရာ့ဘဝ တော်ပါမည်။

၅။ တပည့်ဘဝ, ထက်လေမှ, ဆရာ့ဘဝ ထက်ပါမည်။

၆။ တပည့်ဘဝ, ညံ့လေက, ဆရာ့ဘဝ ညံ့ပေမည်။

၇။ တပည့်ကောင်းများ, ပေါ်လိုကြား,
သင်ကား ကောင်းရမည်။

၈။ တပည့်တော်များ, ပေါ်လိုကြား, သင်ကား တော်ရမည်။

၉။ တပည့်ထက်များ, ပေါ်လိုကြား, သင်ကား ထက်ရမည်။

၁၀။ ဆရာ ကောင်းမှ, တပည့်က, ကောင်းကြတတ်ပါသည်။

၁၁။ ဆရာ တော်မှ, တပည့်က, တော်ကြတတ်ပါသည်။

၁၂။ ဆရာ ထက်မှ, တပည့်က, ထက်ကြတတ်ပါသည်။

၁၃။ ဆရာ ညံ့က, တပည့်က, ညံ့ကြတတ်ပါသည်။

၁၄။ ကိုယ်က ဦးစွာ, ကောင်းဂုဏ်မှာ, တည်ကာ နေရသည်။

၁၅။ ကိုယ့်မှာ ရှိကြား, ကောင်းဂုဏ်များ, သူအား ဝေရသည်။

၁၆။ သူဟာ ကိုယ့်လို, ကောင်းဖို့ကို, ပြောဆိုပေးရသည်။

၁၇။ ကိုယ် ကောင်းထားရင်, သူ့ ပြောစဉ်,
မှန်ပင် လွယ်တတ်သည်။

http://www.dhammadownload.com



၁၈။ ပညာများများ, ပေးလိုပြား, များများ ပညာရှိရသည်။
၁၉။ ဆရာကောင်း-တပည့်, ဖြစ်ထားဘိ,
တပည့်ကောင်းဆရာ ဖြစ်ရမည်။
၂၀။ တပည့်တော် ဖြစ်ရေး, ကြိုးစားပေး, မနှေး ဖြစ်ရမည်။
၂၁။ တပည့်ကောင်း ဖြစ်ရေး, ကြိုးစားပေး, မနှေး ဖြစ်ရမည်။
၂၂။ တပည့်ထက် ဖြစ်ရေး, ကြိုးစားပေး, မနှေး ဖြစ်ရမည်။

❖

## ပန်းတိုင်

၁။ ပန်းတိုင်ဆိုတာ, ခက်များစွာ,
ကျော်ကာ သွားမှ ရောက်ပါသည်။
၂။ အခက်ခဲများ, မကျော်လွှား, သူကား မရောက်ပြီ။
၃။ ဇွဲရှိသူဟာ, ခက်များစွာ, ကျော်ကာ သွားနိုင်သည်။
၄။ ခက်ခဲနဲ့ ဇွဲ, ယှဉ်ပြိုင်နွှဲ, ဇွဲပဲ နိုင်သင့်သည်။
၅။ ဇွဲက နိုင်မှ, အောင်ပွဲရ, ပျော်ရ ရွှင်ရသည်။
၆။ အရိုးပဲ ကျန်စေ, မလျှော့ချေ, သူလေ ဇွဲပြင်းသည်။
၇။ အကြောပဲ ကျန်စေ, မလျှော့ချေ, သူလေ ဇွဲပြင်းသည်။
၈။ အရေပဲ ကျန်စေ, မလျှော့ချေ, သူလေ ဇွဲပြင်းသည်။
၉။ သားသွေး ကုန်စေ, မလျှော့ချေ, သူလေ ဇွဲပြင်းသည်။

http://www.dhammadownload.com



၁၀။ ထိုသို့ ပြင်းပြင်း, ဖွဲကို တင်း, မယွင်း အောင်မြင်သည်။
၁၁။ ဖွဲ မရှိပေ, အောင်ပွဲတွေ, ထွေထွေ လွဲရသည်။
၁၂။ ခက်ခဲ ကျော်မှ, အောင်ပွဲရ, လောကထုံးစံ ဖြစ်ပါသည်။
၁၃။ အခက်ခဲကား, သင့်ဖွဲအား, များများ စမ်းသပ်သည်။
၁၄။ စမ်းသပ်လေက, ခံနိုင်မှ, ဖွဲက ကောင်းသည်မည်။
၁၅။ ဖွဲ မကောင်းရင်, လာလမ်းပင်, အသင် ပြန်လိမ့်မည်။
၁၆။ လာလမ်း ပြန်က, သင့်ဘဝ, ဘာမှ မထူးပြီ။
၁၇။ ခက်ခဲ တွေ့လည်း, မလျှော့ဘဲ, ရှေ့ပဲ တိုးသင့်သည်။
၁၈။ သင့်ရဲ့ ရှေ့မှာ, အောင်ပွဲဟာ, ကြိုကာ နေလေပြီ။
၁၉။ ဖွဲတင်းလေမှ, အောင်ပွဲက, မုချ သင့်ထံ ဆိုက်လာမည်။
၂၀။ အောင်ပွဲ ပန်းတိုင်, ဆုပ်ယူကိုင်, ဖွဲပိုင် ပျော်နိုင်ပြီ။
၂၁။ အောင်ပွဲ ပန်းတိုင်, ဆုပ်ယူကိုင်, ဖွဲပိုင် ရွှင်နိုင်ပြီ။
၂၂။ အောင်ပွဲ ပန်းတိုင်, ဆုပ်ယူကိုင်, ဖွဲပိုင် ပြုံးနိုင်ပြီ။
၂၃။ အောင်ပွဲ ပန်းတိုင်, ဆုပ်ယူကိုင်, ဖွဲပိုင် ရယ်နိုင်ပြီ။
၂၄။ အောင်ပွဲ ပန်းတိုင်, ဆုပ်ယူကိုင်, ဖွဲပိုင် မြူးနိုင်ပြီ။
၂၅။ အောင်ပွဲ ပန်းတိုင်, ဆုပ်ယူကိုင်, ဖွဲပိုင် တော်ပေသည်။

❖

http://www.dhammadownload.com



## ကျန်းမာရေး

၁။ ကျန်းမာဖို့ရာ, လူတိုင်းမှာ, လွန်စွာ လိုအပ်သည်။
၂။ ကျန်းမာမှသာ, အရာရာ, ကောင်းစွာ လုပ်နိုင်သည်။
၃။ မကျန်းမာရင်, အစာပင်, စားချင် ကင်းနေသည်။
၄။ အစာ မဝင်ဘိ, အားမရှိ, ယိုင်တိ ယိုင်တိုင် ဖြစ်နေမည်။
၅။ အစာ မဝင်ဘိ, အားမရှိ, မှိုင်တိ မှိုင်တိုင် ဖြစ်နေမည်။
၆။ အားအင် ရှိမှ, မှုကိစ္စ, လုပ်က ပြီးမြောက်သည်။
၇။ ကျန်းမာရေးစာ, လိုလားစွာ, ဖွေရှာ ဖတ်ရသည်။
၈။ ကျန်းမာရေးစာ, လိုလားစွာ, ဖွေရှာ မှတ်ရသည်။
၉။ ကျန်းမာဖို့ရာ, သင့်မြတ်တာ, ရွေးကာ စားရသည်။
၁၀။ ကျန်းမာဖို့ရာ, အားရှိတာ, ရွေးကာ စားရသည်။
၁၁။ ကျန်းမာဖို့ရာ, လုံလောက်စွာ, မှန်စွာ စားရသည်။
၁၂။ မစားချင်ချင်, စားချင်ချင်, သင့်ရင် စားရသည်။
၁၃။ မသင့်မြတ်ရင်, အလွန်ပင်,
စားချင်ပေမယ့် ရှောင်ရသည်။
၁၄။ အေးတာ-ပူတာ, စားအစာ,
ကောင်းစွာ သတိထားရသည်။
၁၅။ ဖျားမည် ထင်ရင်, ဆေးအရင်,
ကြိုတင် သောက်ရသည်။
၁၆။ အအေးမိတတ်ရာ, ချိန်အခါ, သေချာ မှတ်ရသည်။

http://www.dhammadownload.com



၁၇။ အအေးမိက, ဖျားတတ်စွ, ချောင်းက ဆိုးတတ်သည်။
၁၈။ အမှိုက် လှည်းတာ, ကိုယ်ကျန်းမာ, စိတ်ပါ ချမ်းသာသည်။
၁၉။ အမှိုက် ကျုံးတာ, ကိုယ်ကျန်းမာ, စိတ်ပါ ချမ်းသာသည်။
၂၀။ အမှိုက် ပစ်တာ, ကိုယ်ကျန်းမာ, စိတ်ပါ ချမ်းသာသည်။
၂၁။ ကြမ်းကို တိုက်တာ, ကိုယ်ကျန်းမာ,
စိတ်ပါ ချမ်းသာသည်။
၂၂။ သောက်ရေ ဖြည့်တာ, ကိုယ်ကျန်းမာ,
စိတ်ပါ ချမ်းသာသည်။
၂၃။ မြက်တွေ ရှင်းတာ, ကိုယ်ကျန်းမာ,
စိတ်ပါ ချမ်းသာသည်။
၂၄။ သန့်ရှင်းရေး လုပ်တာ, ကိုယ်ကျန်းမာ,
စိတ်ပါ ချမ်းသာသည်။
၂၅။ သစ်ပင် စိုက်တာ, ကိုယ်ကျန်းမာ, စိတ်ပါ ချမ်းသာသည်။
၂၆။ ကုဋီဆေးတာ, ကိုယ်ကျန်းမာ, စိတ်ပါ ချမ်းသာသည်။
၂၇။ ပန်းကန်ဆေးတာ, ကိုယ်ကျန်းမာ,
စိတ်ပါ ချမ်းသာသည်။
၂၈။ သင်္ကန်းလျှော်တာ, ကိုယ်ကျန်းမာ,
စိတ်ပါ ချမ်းသာသည်။
၂၉။ ရေကန်ဆေးတာ, ကိုယ်ကျန်းမာ, စိတ်ပါ ချမ်းသာသည်။
၃၀။ ပန်းကန်သုတ်တာ, ကိုယ်ကျန်းမာ,
စိတ်ပါ ချမ်းသာသည်။

http://www.dhammadownload.com



၃၁။ ပန်းကန်စီတာ, ကိုယ်ကျန်းမာ, စိတ်ပါ ချမ်းသာသည်။

၃၂။ ပစ္စည်းသယ်တာ, ကိုယ်ကျန်းမာ, စိတ်ပါ ချမ်းသာသည်။

၃၃။ ပစ္စည်းသိမ်းတာ, ကိုယ်ကျန်းမာ, စိတ်ပါ ချမ်းသာသည်။

၃၄။ ကိုယ်လက်လှုပ်ရှား, လုပ်သူကား,
ကိုယ်အား သန်မာသည်။

❖

## အောင်နိုင်သည်

၁။ ရိုသေခစား, မင်းခစား, မင်းအား အောင်နိုင်သည်။

၂။ အဆင်းလှငြား, ဇနီးကား, လင်အား အောင်နိုင်သည်။

၃။ ကျင့်ဝတ် မချွတ်ငြား, တပည့်ကား,
ဆရာအား အောင်နိုင်သည်။

❖

http://www.dhammadownload.com



## အောင်နိုင်ချင်ရင်

၁။ မြင်း နိုင်လိုပြား, ဇက်ကိုကား, ဆွဲထားရပါသည်။
၂။ လှေ နိုင်လိုပြား, တက်ကိုကား, စွဲထားရပါသည်။
၃။ ဆရာ နိုင်လိုပြား, တပည့်ကား,
ဝတ်အား ရှိသေမြဲရသည်။

❖

## ဝက်သား

၁။ ဝက်သားဆိုတာ, ဆီနိုင်စွာ, ချက်တာ ခံရသည်။
၂။ သို့ပါမှသာ, အရသာ, ကောင်းစွာ ပေါ်ပါသည်။
၃။ အချက် မခံရရင်, ပုပ်၍ပင်, ယင် တရုန်းရုန်း ရှိလိမ့်မည်။

❖

## ပတ္တမြား

၁။ ပတ္တမြားမှာ, သွေးဆရာ,
အကာ ကုန်အောင် သွေးရသည်။
၂။ သို့ပါမှသာ, ရောင်အဝါ, တောက်ကာ လာပေမည်။

❖

http://www.dhammadownload.com



## ကျောက်ဆင်းတု

၁။ ကျောက်ဆင်းတုဟာ, ထုဆရာ, ထုတာ ခံရသည်။
၂။ သို့ပါမှသာ, နေကဇာ, တင်တာ ခံရသည်။

❖

## သံတုံးနဲ့ကျောက်တုံး

၁။ သံတုံးဆိုတာ, ထုဆရာ, ထုတာ ခံရသည်။
၂။ လက်နက်ဘဝ, ထိုခါမှ, ရောက်ရပါလေသည်။
၃။ ကျောက်တုံးဆိုတာ, ဖြတ်ဆရာ, ဖြတ်တာ ခံရသည်။
၄။ အရုပ်ဘဝ, ထိုခါမှ, ရောက်ရပါလေသည်။

❖

## တပည့်ကောင်း

၁။ တပည့်ဆိုတာ, မြတ်ဆရာ, ခါခါ ဆုံးမခံရသည်။
၂။ တပည့်ကောင်းဘဝ, ထိုခါမှ, ရောက်ရပါလေသည်။
၃။ တောက်ပြောင်လိုသူဟာ, ဆုံးမတာ, နှိပ်နာစွာ ခံရသည်။

http://www.dhammadownload.com



၄။ သို့ပါမှသာ, ဂုဏ်ရောင်ဝါ, တောက်ကာ လာပေမည်။
၅။ ကိုယ့်ကိုယ်ကိုသာ, ကိုယ်ဆရာ,
ကိုယ်သာ ကောင်းအောင် လုပ်ရသည်။

❖

## အိုး

၁။ အိုး မဖုတ်ခင်, အိုးလုပ်စဉ်, အိုးတွင် နာနာ ပုတ်ရသည်။
၂။ သို့ပါမှသာ, ထိုအိုးဟာ, ရှည်စွာ ခိုင်မာသည်။
၃။ ခိုင်စေလိုလို့သာ, ပုတ်သူဟာ, နာနာ ပုတ်ပေးသည်။
၄။ ထိုနည်းတူပင်, တပည့်တွင်, အရှင်ဆရာ ကျင့်သုံးသည်။

❖

## မေတ္တာ

၁။ ဆရာ့မေတ္တာ, စေတနာ, ဆရာဖြစ်မှ နားလည်မည်။

❖

http://www.dhammadownload.com



# စကားအစွမ်း

၁။ ဘုရားစကား, နေ့တိုင်း ကြား, စိတ်ထား နူးညံ့သည်။
၂။ ဘုရားစကား, နေ့တိုင်း ကြား, စိတ်အား တိုးလာသည်။
၃။ သဒ္ဓါ-သတိ, သမာဓိ, ဝီရိယ-ပညာ တိုးလာသည်။
၄။ ဆုံးမစကား, နေ့တိုင်း ကြား,
စိတ်ထား ကောင်းလာသည်။
၅။ ဆုံးမစကား, နေ့တိုင်း ကြား, စိတ်ထား ပြောင်းလာသည်။
၆။ ကြိုးစားသူများ, အကြောင်း ကြား, ကြိုးစားချင်လာသည်။
၇။ ရိုးသားသူများ, အကြောင်း ကြား, ရိုးသားချင်လာသည်။
၈။ စွန့်စားသူများ, အကြောင်း ကြား, စွန့်စားချင်လာသည်။
၉။ ကျော်ကြားသူများ, အကြောင်း ကြား,
ကျော်ကြားချင်လာသည်။
၁၀။ ထိပ်ရောက်သူများ, အကြောင်း ကြား,
ထိပ်ဖျားရောက်ချင်သည်။
၁၁။ လေးစားထိုက်သူများ, အကြောင်း ကြား,
လေးစားပိုလာပါသည်။
၁၂။ ကြောက်စရာများ, အကြောင်း ကြား,
ကြောက်အား ပိုလာသည်။
၁၃။ သနားဖွယ်များ, အကြောင်း ကြား, သနားပိုလာသည်။
၁၄။ စိတ်ကောင်းရှိသူများ, အကြောင်း ကြား,
စိတ်ထားကောင်းချင်သည်။

http://www.dhammadownload.com



၁၅။ ကူညီသူများ, အကြောင်း ကြား, သူများ ကူချင်သည်။

၁၆။ ရှောင်ရှားဖွယ်များ, အကြောင်း ကြား,
ရှောင်ရှားချင်လာသည်။

၁၇။ ဆောင်ပွားဖွယ်များ, အကြောင်း ကြား,
ဆောင်ပွားချင်လာသည်။

၁၈။ ဘုရားစကား, တန်ဖိုးကား, ကြီးမားလှပါသည်။

၁၉။ ဆုံးမစကား, တန်ဖိုးကား, ကြီးမားလှပါသည်။

၂၀။ ဘုရားစကား, ဘုရားသား, များများ သိသင့်သည်။

၂၁။ ဘုရားစကား, ဘုရားသား, များများ သင်သင့်သည်။

၂၂။ ဘုရားစကား, ဘုရားသား, များများ ရသင့်သည်။

၂၃။ ဘုရားစကား, ဘုရားသား, များများ သုံးသင့်သည်။

၂၄။ ဆရာမြတ်များ, ဆိုစကား, များများ သိသင့်သည်။

၂၅။ ဆရာမြတ်များ, ဆိုစကား, များများ မှတ်သင့်သည်။

၂၆။ ဘုရားစကား, ရိုင်းသူများ, ယဉ်သွားစေပါသည်။

၂၇။ ဘုရားစကား, ဆိုးသူများ, ကောင်းသွားစေပါသည်။

၂၈။ ဘုရားစကား, မိုက်သူများ, လိမ္မာသွားစေသည်။

၂၉။ ဘုရားစကား, နိမ့်သူများ, မြင့်သွားစေပါသည်။

၃၀။ ဘုရားစကား, ညံ့သူများ, တော်သွားစေပါသည်။

၃၁။ ဘုရားစကား, တုံးသူများ, ထက်သွားစေပါသည်။

၃၂။ ဘုရားစကား, ပျင်းသူများ, ပျော်သွားစေပါသည်။

၃၃။ ဘုရားစကား, ညိုးသူများ, ရွှင်သွားစေပါသည်။

http://www.dhammadownload.com



၃၄။ ဘုရားစကား, အ သူများ, လည်သွားစေပါသည်။
၃၅။ ဘုရားစကား, ကောက်သူများ, ဖြောင့်သွားစေပါသည်။
၃၆။ ဘုရားစကား, ပျင်းသူများ, ကြိုးစားစေပါသည်။
၃၇။ ဘုရားစကား, ပူသူများ, အေးသွားစေပါသည်။
၃၈။ ဘုရားစကား, ကျိုးကြီးမား, ကြိုးစားသင်ရသည်။

❖

## အပြစ်

၁။ သူများ မပြောခင်, ကိုယ်တိုင်ပင်,
ပြင်ရင် ပိုကောင်းသည်။
၂။ သူများ ပြောမှ, ပြုပြင်က, နောက်ကျသွားပါသည်။
၃။ ဘယ်လိုပဲ ပြင်, ပြုပြင်ရင်, ကောင်းတွင် ပါဝင်သည်။
၄။ ကိုယ့်ကျိုးလိုလား, သူတစ်ပါး, ကိုယ့်အား ပြုပြင်သည်။
၅။ ထိုသူတစ်ပါး, ပြောစကား, လေးစားရပါသည်။
၆။ ထိုသူတစ်ပါး, ပြောစကား, လိုလားရပါသည်။
၇။ ထိုသူတစ်ပါး, ပြောစကား, ကြိုးစားလိုက်နာသည်။
၈။ ကိုယ့်ကို ကိုယ်ပင်, ပြစ်ရှာရင်, မြင်ချင်မှ မြင်မည်။
၉။ ကိုယ် မမြင်တာ, သူ မြင်ကာ, ပြောတာ ကြိုက်ရသည်။
၁၀။ သူ ထောက်ပြလစ်, ကိုယ့်အပြစ်, နုတ်ပစ်နိုင်ရမည်။

http://www.dhammadownload.com



၁၁။ နောင်သောအခါ, ထိုပြစ်ဟာ, ကိုယ့်မှာ ကင်းရသည်။
၁၂။ ပြစ်ကင်းအောင်ပ, နေတတ်က, ဘဝ တိုးတက်သည်။
၁၃။ ပြစ်ကင်းအောင်ပ, ပြောတတ်က, ဘဝ တိုးတက်သည်။
၁၄။ ပြစ်ကင်းအောင်ပ, တွေးတတ်က, ဘဝ တိုးတက်သည်။
၁၅။ ပြစ်ကင်းအောင်ပ, ပြုမူက, ဘဝ တိုးတက်သည်။

❖

## သံသရာမိဘ

၁။ ဘယ်လောက်ကြာကြာ, သက်ရှည်မှာ, ငါဟာ မသိပြီ။
၂။ ဘယ်အချိန်ခါ, သေရမှာ, ငါဟာ မသိပြီ။
၃။ ဘယ်လိုနေရာ, သေရမှာ, ငါဟာ မသိပြီ။
၄။ ဘယ်လိုနေရာ, သင်္ဂြိုဟ်မှာ, ငါဟာ မသိပြီ။
၅။ ငါ့ကို သတ်မှာ, ဘယ်ရောဂါ, ငါဟာ မသိပြီ။
၆။ ဘယ်ဘဝမှာ, ရောက်ရမှာ, ငါဟာ မသိပြီ။
၇။ သေရမည်ပ, မှန်မုချ, ငါက သိထားပြီ။
၈။ မသေခင်ကား, ကောင်းမှုများ, ကြိုးစားပြုရမည်။
၉။ ကောင်းမှုသည်သာ, သံသရာ, မိရာ တည်ပါမည်။
၁၀။ ကောင်းမှုသည်သာ, သံသရာ, ဖရာ တည်ပါမည်။
၁၁။ ကောင်းမှုသည်သာ, သံသရာ, ဆွေညာ ဖြစ်ပါသည်။

http://www.dhammadownload.com



၁၂။ ကောင်းမှုသည်သာ, သံသရာ, ကိုယ့်မှာ ကယ်ပါမည်။
၁၃။ ကောင်းမှုသည်သာ, သံသရာ,
ကိုယ့်မှာ စောင့်ရှောက်မည်။

❖

## တောင်ထိပ်

၁။ တောင်ခြေမှာပင်, ရှိနေရင်, ဝန်းကျင် မမြင်ပြီ။
၂။ တောင်ထိပ် ရောက်မှ, ပေါ်စီးက, မြင်ရ စုံလင်သည်။
၃။ တောင်ထိပ်ရောက်မှ, မြင်ကွင်းလှ, မြင်ရပါပေပြီ။
၄။ တစ်ထစ်ချင်းပင်, တက်သွားရင်,
ထိပ်တွင် ရောက်ပါသည်။
၅။ လှေကားထစ်များစွာ, ကျော်မှသာ,
တောင်မှာ ထိပ်ရောက်သည်။
၆။ ထိုသို့ ကျော်စဉ်, သင့်ကိုယ်တွင်, ပန်းချင် ပန်းပါမည်။
၇။ ထိပ်ရောက်သွားက, ပန်းသမျှ, ကွယ်ပကြလေပြီ။
၈။ ထိပ်ရောက်သွားခါ, ရှုခင်းသာ, ခါခါ ရှုရပြီ။
၉။ ထိပ်ရောက်သွားခါ, လေသန့်ပါ, ခါခါ ရှူရပြီ။
၁၀။ တောင်တက်သူပမာ, စာသင်ရာ, မှန်စွာ သင်ရသည်။
၁၁။ ပုံမှန် သင်ရင်, နောက်ဆုံးတွင်, အသင် စာတတ်မည်။

http://www.dhammadownload.com



၁၂။ စာတတ်သွားရင်, ထိုစာတွင်, သိမြင်စုံပါသည်။
၁၃။ လူ့လောကမှာ, သိစရာ, များစွာ ရှိပါသည်။
၁၄။ စာတတ်သွားရင်, သိအမြင်, လွန်ပင် များလာသည်။
၁၅။ စာတတ်သွားရင်, သိအမြင်, လွန်ပင် ကျယ်ပြန့်သည်။
၁၆။ စာ မတတ်ခင်, သိအမြင်, လွန်ပင် နည်းပါးသည်။
၁၇။ စာ မတတ်ခင်, သိအမြင်, လွန်ပင် ကျဉ်းလှသည်။
၁၈။ သိမြင်ကျယ်မှ, သင့်ဘဝ, လှပသာယာမည်။
၁၉။ သိမြင်များမှ, သင့်ဘဝ, လှပသာယာမည်။
၂၀။ သိမြင်ကျယ်မှ, သင့်ဘဝ, လှပ စိုပြည်မည်။
၂၁။ သိမြင်များမှ, သင့်ဘဝ, လှပ စိုပြည်မည်။
၂၂။ သိမြင်များချင်, ပုံမှန်ပင်, စာသင်ရပါသည်။
၂၃။ သိမြင်ကျယ်ချင်, ပုံမှန်ပင်, စာသင်ရပါသည်။
၂၄။ သိမြင်ကျယ်ချင်, ပုံမှန်ပင်, စာတွင် ဖတ်ရသည်။
၂၅။ သိမြင်ကျယ်ချင်, ပုံမှန်ပင်, စာတွင် မှတ်ရသည်။
၂၆။ သိမြင်ကျယ်ချင်, ပုံမှန်ပင်, စာတွင် ကျက်ရသည်။
၂၇။ သိမြင်များက, လူ့ဘဝ, ထိပ်က ရောက်လာမည်။
၂၈။ သိမြင်ကျယ်က, လူ့ဘဝ, ထိပ်က ရောက်လာမည်။

http://www.dhammadownload.com



# စိတ်ထားကောင်းမှု

၁။ သူ့ကျိုးလိုလား, ထိုသူကား, စိတ်ထားကောင်းသူမည်။
၂။ ကြင်နာသနား, ထိုသူကား, စိတ်ထားကောင်းသူမည်။
၃။ ကူညီတတ်ငြား, ထိုသူကား, စိတ်ထားကောင်းသူမည်။
၄။ ကြောင့်ကြတတ်ငြား, ထိုသူကား,
စိတ်ထားကောင်းသူမည်။
၅။ ရိုးသားဖြောင့်ငြား, ထိုသူကား, စိတ်ထားကောင်းသူမည်။
၆။ သူတစ်ပါးအား, သည်းခံငြား, စိတ်ထားကောင်းသူမည်။
၇။ သူတစ်ပါးအား, မလှည့်ဖြား, စိတ်ထားကောင်းသူမည်။
၈။ ထင်သေးစိတ်ထား, မရှိငြား, စိတ်ထားကောင်းသူမည်။
၉။ သူများကြီးပွား, ဝမ်းမြောက်ငြား,
စိတ်ထားကောင်းသူမည်။
၁၀။ အားငယ်သူအား, အားပေးငြား,
စိတ်ထားကောင်းသူမည်။
၁၁။ ငယ်ရွယ်သူအား, ညှာသနား, စိတ်ထားကောင်းသူမည်။
၁၂။ ရွယ်တူသူအား, ခင်လေးစား, စိတ်ထားကောင်းသူမည်။
၁၃။ ရွယ်ကြီးသူအား, ရိုသေငြား, စိတ်ထားကောင်းသူမည်။
၁၄။ မိဘတွေအား, ရိုသေငြား, စိတ်ထားကောင်းသူမည်။
၁၅။ ဆရာတွေအား, ရိုသေငြား, စိတ်ထားကောင်းသူမည်။
၁၆။ ဆရာ့စကား, လိုက်နာငြား, စိတ်ထားကောင်းသူမည်။

http://www.dhammadownload.com



၁၇။ ဆရာ့ပေါ် အား, ဝတ်ကျေပြား,
စိတ်ထားကောင်းသူမည်။
၁၈။ ကျေးဇူးတရား, သိသူကား, စိတ်ထားကောင်းသူမည်။
၁၉။ သူ့ကျေးဇူးများ, ဖော်ပြောပြား,
စိတ်ထားကောင်းသူမည်။
၂၀။ သူ့ကျေးဇူးများ, ဆပ်သူကား, စိတ်ထားကောင်းသူမည်။
၂၁။ စည်းကမ်းလေးစား, ထိုသူကား,
စိတ်ထားကောင်းသူမည်။
၂၂။ အလိုက်သိပြား, ထိုသူကား, စိတ်ထားကောင်းသူမည်။
၂၃။ လမ်းမှန် ပြောကြား, ထိုသူကား,
စိတ်ထားကောင်းသူမည်။
၂၄။ ဆုံးမစကား, လိုလားပြား, စိတ်ထားကောင်းသူမည်။
၂၅။ ချီးမွမ်းဖွယ်များ, ချီးမွမ်းပြား,
စိတ်ထားကောင်းသူမည်။
၂၆။ သူများပြစ်များ, မရှုပြား, စိတ်ထားကောင်းသူမည်။
၂၇။ သူများပြစ်များ, မပြောကြား, စိတ်ထားကောင်းသူမည်။
၂၈။ သဒ္ဓါတရား, ရှိသူကား, စိတ်ထားကောင်းသူမည်။
၂၉။ သတိတရား, ရှိသူကား, စိတ်ထားကောင်းသူမည်။
၃၀။ တည်ကြည်လေပြား, ထိုသူကား,
စိတ်ထားကောင်းသူမည်။
၃၁။ မြော်မြင်ရှိပြား, ထိုသူကား, စိတ်ထားကောင်းသူမည်။

http://www.dhammadownload.com



၃၂။ စောင့်စည်းဖွယ်များ, စောင့်စည်းခြား,
စိတ်ထားကောင်းသူမည်။
၃၃။ ရှောင်ကြဉ်ဖွယ်များ, ရှောင်ကြဉ်ခြား,
စိတ်ထားကောင်းသူမည်။
၃၄။ ပြုလုပ်ဖွယ်များ, ပြုလုပ်ခြား, စိတ်ထားကောင်းသူမည်။
၃၅။ ဆောင်ပွားဖွယ်များ, ဆောင်ပွားခြား,
စိတ်ထားကောင်းသူမည်။
၃၆။ စိတ်ထားကောင်းက, သူ့ဘဝ, သုခ ပြည့်စုံမည်။
၃၇။ စိတ်ထားကောင်းက, သူ့ဘဝ, လှပ သာယာမည်။
၃၈။ စိတ်ထားကောင်းက, သူ့ဘဝ, မုချ တိုးတက်မည်။
၃၉။ စိတ်ထားကောင်းက, သူ့ဘဝ, မုချ ကြီးပွားမည်။
၄၀။ စိတ်ထားကောင်းက, သူ့ဘဝ, မုချ အောင်မြင်မည်။

❖

## လောကခံ

၁။ ပစ္စည်းတွေ ရ, လူတွေက, ပျော်ကြ ရွှင်ကြသည်။
၂။ ခြွေရံတွေ ရ, လူတွေက, ပျော်ကြ ရွှင်ကြသည်။
၃။ ချီးမွမ်းခံ ရ, လူတွေက, ပျော်ကြ ရွှင်ကြသည်။
၄။ သုခတွေ ရ, လူတွေက, ပျော်ကြ ရွှင်ကြသည်။

http://www.dhammadownload.com



၅။ ပစ္စည်း မရ, စိတ်ဓာတ်ကျ, လောက ဖြစ်နေသည်။
၆။ ပစ္စည်းပျက်က, စိတ်ဓာတ်ကျ, လောက ဖြစ်နေသည်။
၇။ ခြွေရံ မရ, စိတ်ဓာတ်ကျ, လောက ဖြစ်နေသည်။
၈။ ခြွေရံ ပျက်က, စိတ်ဓာတ်ကျ, လောက ဖြစ်နေသည်။
၉။ ကဲ့ရဲ့ခံရ, စိတ်ဓာတ်ကျ, လောက ဖြစ်နေသည်။
၁၀။ ကောင်းလောကဓံများ, တွေ့လေငြား,
လူများ ပျော်ရွှင်သည်။
၁၁။ ဆိုးလောကဓံများ, တွေ့လေငြား,
လူများ ဝမ်းနည်းသည်။
၁၂။ ထိုသို့ ကြုံရာ, လွန်ကဲစွာ,
ဝမ်းသာ ဝမ်းနည်း ကင်းရသည်။
၁၃။ လောကဓံများ, ခံနိုင်ငြား, စိတ်ထားမွေးရသည်။
၁၄။ ဘုရားသော်မှ, ဆွမ်း မရ, ကြုံရပါပေသည်။
၁၅။ ဘုရားသော်မှ, ခြွေရံ ပ, ကြုံရပါပေသည်။
၁၆။ ဘုရားသော်မှ, ကဲ့ရဲ့ကြ, ခံရပါပေသည်။
၁၇။ ဘုရားသော်မှ, ကိုယ်ဒုက္ခ, ခံရပါပေသည်။
၁၈။ ငါလိုလူမှာ, မကောင်းတာ, တွေ့တာ မဆန်းပြီ။
၁၉။ ကောင်းဆိုးကြုံငြား, မြတ်ဘုရား, စိတ်ထား မတုန်ပြီ။
၂၀။ မတုန်လေငြား, ထိုစိတ်ထား, များများ တွေးရသည်။

❖

http://www.dhammadownload.com



# စဉ်းစားနည်းကြသည်

၁။ အလိုက်တသိ၊ ဆောင်ရွက်ဘိ၊
ထိုသည့် သူဟာ ကြီးပွားသည်။

၂။ အလိုက်တသိ၊ ဆောင်ရွက်ဘိ၊
ထိုသည့် သူဟာ ချမ်းသာသည်။

၃။ အလိုက်တသိ၊ ဆောင်ရွက်ဘိ၊
ထိုသည့် သူဟာ တော်လှသည်။

၄။ လုပ်သင့်တဲ့ဟာ၊ သူ့ဘာသာ၊ သိကာ ဆောင်ရွက်သည်။

၅။ ထိုလိုလူစား၊ အလွန်ရှား၊ ထူးခြားလှပါသည်။

၆။ ထူးကဲသူမှာ၊ ထူးကဲစွာ၊ ကျိုးဟာ ဆိုက်ရောက်သည်။

၇။ လောကလူများ၊ ကိုယ့်တွက်ကား၊ စဉ်းစားကြပါသည်။

၈။ အခြားသူများ၊ အတွက်ကား၊ စဉ်းစားနည်းကြသည်။

၉။ စဉ်းစားပေးကာ၊ ကျိုးဆောင်တာ၊
လွန်စွာ ကောင်းလှသည်။

၁၀။ စဉ်းစားပေးကာ၊ ကျိုးဆောင်တာ၊
လွန်စွာ မြင့်မြတ်သည်။

၁၁။ ဘုရားသည်ကား၊ သူတစ်ပါး၊
ကျိုးများ လွန်ဆောင်သည်။

၁၂။ ထို့ကြောင့် သူ့အား၊ လူနတ်များ၊
လေးစား ကြည်ညိုသည်။

http://www.dhammadownload.com



၁၃။ ထို့ကြောင့် သူ့အား, လူနတ်များ,
လေးစား အားကိုးသည်။
၁၄။ ထို့ကြောင့် သူ့အား, လူနတ်များ,
လေးစား ကိုးကွယ်သည်။
၁၅။ ထို့ကြောင့် သူ့အား, လူနတ်များ, ဝပ်တွား ရှိခိုးသည်။

❖

## ကပ္ပိယံ ဘန္တေ

၁။ ပင်ပေါက်နိုင်ခြား, သစ်သီးများ, ပင်များ ကြံ-စသည်။
၂။ ကပ္ပိယံ ကရောဟိ, ဆိုရဘိ, စားမည့် ရဟန်းသည်။
၃။ ကပ္ပိယံ ဘန္တေ, လူ-သာမဏေ, ဆိုလေ ကပ္ပိသည်။
၄။ ထိုသို့ ဆိုကာ, ထိုး-ခုတ်တာ, ဆိတ်တာ လုပ်ရသည်။
၅။ မြန်မာလိုသာ, ကပ္ပိပါ, ပြောကာ ခိုင်းနိုင်သည်။
၆။ ကပ္ပိပါ၏, ဆိုလိုက်ဘိ, တပည့် ဖြစ်သူသည်။
၇။ မြန်မာလိုပဲ, ဆိုလိုက်လည်း, ဒါလည်း ရပါသည်။
၈။ မီးနဲ့ တိုက်တာ, ခွာခုတ်တာ, ဆိတ်တာ အပ်စေသည်။

❖

http://www.dhammadownload.com



# အမှိ

၁။ ချိုးမကျပါ၊ ချိုးကျပါ၊ ဆရာ (၂) မျိုး ရှိပါသည်။
၂။ အချိုးတကျ၊ ဆရာက၊ ချိုးကျတပည့် ပေါ်စေသည်။
၃။ အချိုးမကျ၊ ဆရာက၊ ချိုးမကျ တပည့် ပေါ်စေသည်။
၄။ ဆရာလိုသာ၊ တပည့်ဟာ၊ ဖြစ်ကာ သွားပါသည်။
၅။ အမှီကောင်း ရ၊ ထိုသူက၊ ဘဝ တိုးတက်သည်။
၆။ အမှီကောင်း ရ၊ ထိုသူက၊ ဘဝ ကြီးပွားသည်။
၇။ အမှီကောင်း ရ၊ ထိုသူက၊ ဘဝ အောင်မြင်သည်။
၈။ မှီကောင်း မရ၊ ထိုသူက၊ ဘဝ နိမ့်ကျသည်။
၉။ မှီကောင်း မရ၊ ထိုသူက၊ ဘဝ ဆုတ်ယုတ်သည်။
၁၀။ မှီကောင်း မရ၊ ထိုသူက၊ ဘဝ ဆုံးရှုံးသည်။
၁၁။ တိုးတက်ကြီးပွား၊ ထိုသူများ၊ သင်ကား မြင်နိုင်သည်။
၁၂။ အောင်မြင်နေကြား၊ ထိုသူများ၊ သင်ကား မြင်နိုင်သည်။
၁၃။ ထိုသူတို့မှာ၊ မှီကောင်းဟာ၊ ကောင်းစွာ ရှိနေသည်။
၁၄။ အမှီဆိုတာ၊ ကောင်းဖို့ရာ၊ လွန်စွာ ရေးကြီးသည်။
၁၅။ အမှီကောင်း ဖယ်၊ လောကဝယ်၊ တင့်တယ်ဖို့ ခက်သည်။

❖

http://www.dhammadownload.com



## အိုးမည်း

၁။ လူတစ်ယောက်မျက်နှာမှာ, အိုးမည်းဟာ,
ပေကာ နေလေပြီ။
၂။ သူကား ပွဲဆီ, သွားဖို့ ရည်, ထွက်ပြီ အိမ့်ပြင်ဆီ။
၃။ အိုးမည်း မြင်ပြား, ခြား လူကား,
ပြောကြား လိုက်ပါသည်။
၄။ အိုးမည်းကို ဖျက်, ပွဲသို့ ဆက်, အရှက် ကင်းလေပြီ။
၅။ လူတစ်ယောက်မှာ, ပြစ်နာဆာ, ရှိကာ နေပါသည်။
၆။ အခြားလူက, ထောက်ကာ ပြ, ပြစ်မှ လွတ်လေပြီ။
၇။ ထောက်ပြသူကား, ရွှေအိုးအား, ညွှန်ကြားသူ တူသည်။
၈။ ပြောခံရသူတွင်, ထိုသို့ပင်, ရှုမြင်နိုင်ရသည်။
၉။ ထိုသို့ မြင်က, နိမ့်ရာမှ, မြင့်ရပါလေသည်။

❖

## တုတ်ချောင်း

၁။ ကလေးငယ်ဟာ, လည်ချောင်းမှာ, တုတ်ဟာ တစ်ဆို့ပြီ။
၂။ မိဘတွေက, ပါးစပ် ဟ, နုတ်ကြ ဆွဲကြပြီ။
၃။ တုတ်ဆွဲထုတ်ခါ, ကလေးမှာ, လွန်စွာ နာကျင်သည်။

http://www.dhammadownload.com



၄။ ထိုနာကျင်မှု, ဒုက္ခစု, ငဲ့မှု မရှိပြီ။
၅။ ဒီလို မလုပ်ရင်, ကလေးတွင်, သေချင်သေနိုင်သည်။
၆။ မိဘနှစ်ပါး, ကလေးအား, သနားလွန်းပါသည်။
၇။ ယခု ဒုက္ခ, ငဲ့လိုက်က, ဒုက္ခ ပိုကြီးမည်။
၈။ ပိုကြီး ဒုက္ခ, မျှော်တွေးဆ, နုတ်ရ ဆွဲရသည်။
၉။ တပည့်ငယ်ဟာ, ကိုယ်-နှုတ်မှာ, ပြစ်ဟာ ရှိနေပြီ။
၁၀။ တပည့်ငယ်ဟာ, စိတ်ထားမှာ, ပြစ်ဟာ ရှိနေပြီ။
၁၁။ ဆရာ တွေ့လစ်, ထိုအပြစ်, နုတ်ပစ်ရပါသည်။
၁၂။ နုတ်ပစ်တဲ့ခါ, တပည့်မှာ, နာတာ ရှိနိုင်သည်။
၁၃။ မနုတ်ပစ်ရင်, တပည့်တွင်, ပိုပင် ဆိုးလာမည်။
၁၄။ ပိုဆိုးလာက, ကြီးဒုက္ခ, မုချ တွေ့ရမည်။
၁၅။ ပိုကြီးဒုက္ခ, မျှော်တွေးဆ, နုတ်ရ ပစ်ရသည်။
၁၆။ ဆရာ့မေတ္တာ, ကရုဏာ, ဆရာဖြစ်က ပို သိမည်။
၁၇။ ဆရာဆိုတာ, တပည့်မှာ, ချမ်းသာစေလိုသည်။
၁၈။ ချမ်းသာစေလိုမှု, အကြောင်းပြု, ယခု ဒုက္ခ မငဲ့ပြီ။
၁၉။ မိဘ-ဆရာ, ကရုဏာ, မေတ္တာ တူညီသည်။

❖

http://www.dhammadownload.com



# ပြည်

၁။ လူတစ်ယောက်မှာ, နာ ပေါက်လာ,
ပြည်ဟာ တည်နေပြီ။
၂။ နာ ပေါက်ဖို့ရေး, ပြည်ဖောက်ပေး, နာရေး မရှုပြီ။
၃။ ပြည်ဖောက်တာဟာ, နာဖို့ရာ, ဖောက်တာ မဟုတ်ပြီ။
၄။ ချမ်းသာဖို့ရေး, ရှုမျှော်တွေး,
ပြည်လေး ဖောက်ပေးသည်။
၅။ ထိုနည်းတူစွာ, တစ်ဦးမှာ, ပြစ်ဟာ ရှိနေသည်။
၆။ ထိုပြစ် ပျောက်ရေး, ဆုံးမပေး, နာရေး မရှုပြီ။
၇။ ပြစ် ဖယ်တာဟာ, နာဖို့ရာ, ဖယ်တာ မဟုတ်ပြီ။
၈။ ချမ်းသာဖို့ရေး, ရှုမျှော်တွေး, ပြစ်လေး ဖယ်ပေးသည်။

❖

**သာမဏေကျော်**
သာမဏေကျော် မဟာဂန္ဓာရုံကျောင်းတိုက်၊
လှော်ကားဉယျာဉ်အနီး၊
မှော်ဘီမြို့နယ်၊ ရန်ကုန်တိုင်း။
ကဆုန်လပြည့်ကျော် (၁၂) ရက်၊ ၁၃၇၀-ခု
(၃၁-၅-၂၀၀၈)

http://www.dhammadownload.com

## သာဓုခေါ်ပါလေ

※ ပညာဆိုတာ, လောကမှာ, အရာရာကို သိနိုင်ပေ။
※ စာအုပ်လှူရာ, ပညာပါ, လှူရာ ရောက်ပါပေ။
※ ဗုဒ္ဓသာသနာ, လောကမှာ, ရှည်ကြာ တည်ပါစေ။
※ ဤသို့ ရည်မှန်း, ငါ လှူဒါန်း, ရွှင်လန်း သာဓု ခေါ်ပါလေ။

## သာမဏေကျော်စာပေ ပညာဒါန အလှူရှင်များ

| | |
|---|---|
| ၁။ ကိုမျိုးခိုင်ကို ရည်စူး၍ ကျန်ရစ်သည့် မောင်နှမတစ်စု အမှတ်(၃၄/A)၊ အင်းယားမြိုင်လမ်း၊ ရွှေတောင်ကြား(၁)ရပ်ကွက်၊ဗဟန်း။ | ၁,၅၀၀,၀၀၀/- |
| ၂။ Sukhavati (Korea, Seoul) | ၆၈၇,၅၀၀/- |
| ၃။ ကိုစိန်ကျော်နှင့် မောင်နှမတစ်စု၊ ဘုရင့်နောင်ပွဲရုံ။ | ၃၅၀,၀၀၀/- |
| ၄။ ဦးခင်ဇော်-ဒေါ်စန်းစန်းအေးမိသားစု။ | ၃၀၀,၀၀၀/- |
| ၅။ မခင်ညွန့်လွင်(ခ)မဖြူ၊ မန္တလေးမြို့။ | ၃၀၀,၀၀၀/- |
| ၆။ ကိုတိုးတိုး(ခ)ကိုသန်းထွန်း – မခင်ဝင်းရီ၊ သမီး – ယွန်းယွန်း၊ ဝမ်ဝမ်း။ | ၂၀၀,၀၀၀/- |
| ၇။ ကိုရဲ၊ ရွှေမဟာအထွေထွေရောင်းဝယ်ရေး၊ အမှတ်(၈၇)၊ ကုန်ဈေးတန်းလမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ | ၂၀၀,၀၀၀/- |
| ၈။ ကိုကျော်ကျော်+မသီတာထွန်း သမီးကြည်ဖြူခင်မိသားစု အမှတ်(ဃ/၂)၊ အောင်သပြေလမ်းဘုရင့်နောင်ပွဲရုံ | ၂၀၀,၀၀၀/- |
| ၉။ ကိုကြည်လင်မိသားစု၊ ကောင်းဆက်ပွဲရုံ။ | ၁၅၀,၀၀၀/- |

http://www.dhammadownload.com

၁၀။ ကိုမောင်မောင်+မစန်းနု၊ ကောင်းဆက်ပွဲရုံ။ ၁၅၀,၀၀၀ိ/-

၁၁။ ဦးလှမြင့်-ဒေါ်တင်တင်အေး၊
သား-ဟိန်းစည်၊သမီး-ကေရီမိသားစု၊ပြင်ဦးလွင်။ ၁၃၀,၀၀၀ိ/-

၁၂။ မသုဘဒ္ဒါ၊ မဝိဇယာ၊ ကိုရီးယား။ ၁၁၅,၅၀၀ိ/-

၁၃။ ကိုမောင်မောင်+မစန်းနု
အမှတ်(၁၆၁)၊ ထီးတန်းဈေးလမ်း၊ ၁၀၀,၀၀၀ိ/-

၁၄။ ကောင်းသီဟ၊ မင်းသီဟ၊ မေဦးခိုင် မောင်နှမများ၊
အမှတ်(၅)၊ ငွေပြည်သာ၊ သဃ်န်းကျွန်း။ ၁၁၁,၀၀၀ိ/-

၁၅။ အရှင်သံဝရာလင်္ကာရ၊ ဓမ္မပိယဆရာတော်၊
သဃ်န်းကျွန်း၊ ရန်ကုန်မြို့။ ၁၀၀,၀၀၀ိ/-

၁၆။ အရှင်နန္ဒသိရီ ပဏ္ဍိတာရာမရွှေတောင်ကုန်း
သာသနာ့ရိပ်သာ၊မော်လမြိုင်။ ၁၀၀,၀၀၀ိ/-

၁၇။ ကိုမျိုးအောင်-မစန်းစန်းဝင်း မိသားစု၊
(၅၃)ကမ်းနားလမ်း၊ ပုသိမ်မြို့။ ၁၀၀,၀၀၀ိ/-

၁၈။ ဦးအောင်ထွန်း-ဒေါ်မြင့်မြင့်အေး၊
သား – ကျော်ကျော်ထွန်း၊ ဟန်လင်းအောင်၊
သမီး-မသဇင်အောင်၊ တောင်ကြီးမြို့။ ၁၀၀,၀၀၀ိ/-

၁၉။ ဦးအောင်သန်း+ဒေါ်ဝေ၊ ဒေါ်နုနုဝေ၊
ဒေါ်အေးအေးလွင်၊ဒေါ်ခင်လေးဝင်း၊တောင်ကြီးမြို့။ ၁၀၀,၀၀၀ိ/-

၂၀။ ဦးစိမ်း မိသားစု။ ၁၀၀,၀၀၀ိ/-

၂၁။ ဦးကုလားဖြူ မိသားစု။ ၁၀၀,၀၀၀ိ/-

၂၂။ ကိုထင်ကျော်-မအေးအေးခိုင်၊
သား-အောင်အောင်ဦး၊ ဟိန်းထက်ဇော်။ ၁၀၀,၀၀၀ိ/-

၂၃။ ကိုဇင်မျိုးနိုင်-မဝင်းမာဦး မိသားစု။ ၁၀၀,၀၀၀ိ/-

၂၄။ ကောင်းဆက်ပွဲရုံ မိသားစု။ ၁၀၀,၀၀၀ိ/-

http://www.dhammadownload.com

၂၅။ ဒေါ်နန်းနွယ်၊ သမီး – မခင်ခင်ဦး၊
ညီမ–မနန်းမိုးသီတာ၊ ကြပ်ပြင်၊ မိုးကုတ်မြို့။ ၁၀၀,၀၀၀/–

၂၆။ ဦးအောင်မြင့်သိန်း၊ ကားဝပ်ရှော့၊
(၄၇၂)သစ္စာလမ်း၊ တောင်ဥက္ကလာပ။ ၁၀၀,၀၀၀/–

၂၇။ ဦးအောင်ကျော်ဆင့်+ဒေါ်နှင်းငွေရည်၊မြကြာငုံစာပေ၊
၅၄၊ အုတ်လမ်း၊ ဗဟန်း၊ ရန်ကုန်။ ၁၀၀,၀၀၀/–

၂၈။ မကာမလညာနီနှင့် မပရမညာနီ၊ ပဏ္ဍိတာရာမ၊
ရွှေတောင်ကုန်း၊ သာသနာ့ရိပ်သာ။ ၅၀,၀၀၀/–

၂၉။အရှင်သောပါက မိုလ်ရုံကျောင်းဆရာတော်
ဝက်လက်မြို့နယ်၊ လှတွေရွာ ၅၀,၀၀၀/–

၃၀။ဦးစောမောင်၊ ဦးမိုလ်တင့်၊ ခင်မမ၊ တင်မိုးနိုင်
ဝက်လက်မြို့နယ်၊ လှတွေရွာ ၅၀,၀၀၀/–

၃၁။ ဦးတင်ဝင်း–ဒေါ်ဝမ်းဝမ်း မိသားစု။ ၃၀,၀၀၀/–

၃၂။ ဦးအောင်သူဆန်း–ဒေါ်ရွှေရွှေရီ မိသားစု ၃၀,၀၀၀/–

၃၃။ ဦးတင်အောင်၊ ဒေါ်ကျင်ပု၊ စံပြရွှေဆိုင်၊
(၅၃)၊ ဝါးတန်းလမ်း၊ ရန်ကုန်မြို့။ ၃၀,၀၀၀/–

၃၄။ဒေါ်ကြူကြူ (ဓမ္မဗျူဟာ၊ ပဲခူးမြို့)
ရွှေရတုမွေးနေ့ ၃၀,၀၀၀/–

၃၅။ ဦးနီပွန်+ဒေါ်ခင်လေးရီ၊ သင်္ဂဟမျက်မှန်
မိသားစု၊ ပဲခူးမြို့။ ၃၀,၀၀၀/–

၃၆။ ဝင်းနုနုဝင်း+စုသွယ်သွယ်ဝင်း
ဉာဏ်ပေါ်ထွန်း စင်ကာပူ ၃၀,၀၀၀/–

၃၇။ သာသနာမိခင်ကြီး ဒေါ်ကျင်ယုံ၊
မဟာစည်သာသနာ့ရိပ်သာ၊ သဃ်န်းကျွန်း။ ၁၅,၀၀၀/–

၃၈။ ဒေါ်ညွန့်ညွန့်၊
သား ကိုထွန်းနိုင်၊ မိသားစု။ ၁၀,၀၀၀/–

http://www.dhammadownload.com

သာမဏေကျော်စာပေမှ ထုတ်ဝေခဲ့သည့်

# ဆရာတော် သာမဏေကျော်၏ စာအုပ်များ

၁။ ကြီးပွားချမ်းသာမယ်
၂။ ဆွမ်းအလှူ
၃။ ကျောင်းအလှူ
၄။ ဗုဒ္ဓသမီးထံသို့
၅။ ဝါဆိုနှင့်ကထိန် (ဒုတိယအကြိမ်)
၆။ ကိုရင်ဝတ်ပြီးရင်
၇။ ဗုဒ္ဓ၏ တစ်နေ့တာ လုပ်ငန်းစဉ်
၈။ တောင်ကိုရီးယားသို့ဝိပဿနာခရီး
၉။ ကိုရင်လေးတို့ ဖတ်ဖို့
၁၀။ ကြည်ညိုဖွယ်ရာ အရှင်သာရိပုတ္တရာ (ဒုတိယအကြိမ်)
၁၁။ တရား ဘယ်လို ရှုမှတ်ရမလဲ (ဒုတိယအကြိမ်)
၁၂။ ဗုဒ္ဓသာသနာကွယ်ချိန်
၁၃။ ဗုဒ္ဓပေးခဲ့တဲ့ယဉ်ကျေးမှုအမွေ (ဒုတိယအကြိမ်)
၁၄။ အတုယူဖွယ်ရာ စိတ်ထားများ (ဒုတိယအကြိမ်)
၁၅။ ပန်းလေးတစ်ပွင့်
၁၆။ ကျောင်းသစ်၏ အရှက်ဦး
၁၇။ ဗုဒ္ဓသာသနာဝင်တို့ သိဖို့ လိုသည်(ဒုတိယအကြိမ်)

http://www.dhammadownload.com

၁၈။ ရဟန်းနှင့် စည်းကမ်း
၁၉။ အိတ်ဆောင် ဝိပဿနာ
၂၀။ လက်စွဲ ဝိပဿနာ
၂၁။ မြန်မာတွေအတွက် မြန်မာပရိတ်ကြီး
၂၂။ ဘုရားဂုဏ်တော်နှင့်မဟာစည်ဆရာတော်
၂၃။ သောကမီးအတွက်ရေ (ဒုတိယအကြိမ်)

ယာခု

**ရွှေလားအမိုက်လား**

ဆက်လက်ထုတ်ဝေမည့်

ဆရာတော်သာမဏေကျော်၏စာအုပ်များ

၁။ လူ့လက်စွဲ

စာမူခွင့်ပြုချက်အမှတ် - ၃၂၀၅၇၄၁၀၀၈

၂။ ဥပုသ်သည်

စာမူခွင့်ပြုချက်အမှတ် - ၃၂၀၅၄၇၁၀၀၈

၃။ ယောဂီ

စာမူခွင့်ပြုချက်အမှတ် - ၃၂၀၅၁၈၀၉၀၈

၄။ ပန်းခင်းလမ်းအတွက် ပန်းလေးများ

စာမူခွင့်ပြုချက်အမှတ် - ၃၂၀၁၉၀၀၃၀၈